# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 28 May 2024 ၁၁၄၇၁


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့အမွေအနှစ် ပုဂံဒေသတွင် မြေယာဝယ်ယူမည်ဆိုပါက မှားယွင်းမှုမရှိစေရေး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်



ကမ္ဘာ့အမွေအနှစ် ပုဂံဒေသတွင် စေတီပုထိုးများနှင့် တွဲလျက်တွေ့ရသည့်မြေနေရာများကို တွေ့ရစဉ်။ (ဓာတ်ပုံ – Bagan Arch)

ရန်ကုန် မေ ၂၇

ကမ္ဘာ့အမွေအနှစ် ပုဂံဒေသတွင် မြေယာဝယ်ယူမည်ဆိုပါက ဝယ်ယူသူနှင့် လုပ်ငန်းဆောင်ရွက်သူ ကာယကံရှင်များ ငွေကြေးဆိုင်ရာ ဆုံးရှုံးနစ်နာမှုရှိနိုင်သဖြင့် မှားယွင်းမှုမရှိစေရေးအတွက် ဝယ်ယူမှုမပြုခင် ရှေးဟောင်းအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

**ထုတ်ပြန်ထား**

ကမ္ဘာ့အမွေအနှစ် ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ် ဒေသများ တည်ရှိရာဒေသ(Property Area) ၁၂၃၄၂ ဒသမ ၂၉ ဧကနှင့် ကြားခံဒေသ(Buffer Area) ၄၄၃၄၆ ဒသမ ၂၉ ဧက စုစုပေါင်း ၅၆၆၈၉ ဒသမ ၂၁ ဧက အတွင်းတွင် ညောင်ဦးမြို့၊ ပုဂံမြို့စသည့် မြို့နှစ်မြို့နှင့် ကျေးရွာပေါင်း ၄၁ ရွာ ပါဝင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ထုတ်ပြန်ထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

**ယနေ့ ဖတ်စရာ**

**ပွင့်သောပန်းတိုင်းမွှေးစေဖို့ ကျောင်းအပ်နှံကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်**

စာမျက်နှာ » ၇

## မင်းလှမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင် ၁၀၆၄၅၀ ပျိုးထောင်ထားရှိ



မင်းလှ မေ ၂၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တောဦးစီးဌာန ရွှေဝါမြိုင်သစ်တောပျိုးဥယျာဉ်တွင် မိုးရာသီစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင် ၁၀၆၄၅၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ရွှေဝါမြိုင်သစ်တောပျိုးဥယျာဉ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စိုက်ပျိုးထားသည့် မန်ကျည်းပင် ၃၀၀၀၊ အင်ပင် ၃၀၀၀၊ ကော်ဖီပင် ၁၅၀၀၊ သခွပ်ပင် ၁၀၀၀၊ ကြောင်လျှာပင် ၁၀၀၀ စုစုပေါင်းပျိုးပင် ၉၅၀၀၊ ၂၀၂၄ ခုနှစ်လူထုဖြန့်ဝေရန် ကျွန်းပင် ၂၀၀၀၀၊ မဟော်ဂနီပင် ၂၀၀၀၀၊ မန်ဂျန်ရှားပင် ၂၀၀၀၀၊ ယမနေပင် ၁၂၅၀၀၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

ကြေးမုံ

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်း

ပြီးခဲ့သည့် နွေရာသီကာလများက မြန်မာနိုင်ငံ မကွေးတိုင်းဒေသကြီး ချောက်မြို့ကို ကမ္ဘာပေါ်တွင် အပူဆုံးမြို့အဖြစ် ပြောဆိုလာကြသည်ကို ကြားသိလိုက်ရမည်ဖြစ်သည်။ တကယ်တမ်းတွင်လည်း ချောက်မြို့သည် အပူချိန် ၄၇ ဒီဂရီဆဲစီးယပ်ထိ စံချိန်တင်မြင့်မားခဲ့သည်။ ချောက်မြို့သူ မြို့သားများသည် ပြင်းထန်သည့်အပူဒဏ်ကို ခံစားကြရသဖြင့် အပူရှောင်စခန်းများတွင် သွားရောက်ခိုနားခဲ့ကြရသည်။ မြို့မိမြို့ဖများကလည်း လာမည့်ကာလများတွင် ချောက်မြို့၌ အပူဒဏ်သက်သာရေးအတွက် အစီအစဉ်များ ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၅ ရက်နေ့က မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံစဉ် "နိုင်ငံတော်အစိုးရအနေဖြင့် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ချောက်မြို့နယ်နှင့် ကားလမ်းဘေးဝဲယာများတစ်လျှောက် သစ်ပင်သစ်တောများ စိုက်ပျိုးနိုင်ရေး နိုင်ငံတော်မှလည်း အထူးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံများအနေဖြင့် မိမိတို့၏ အိမ်ခြံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်များတွင်လည်း သစ်ပင်များစိုက်ပျိုးရန်လိုကြောင်း" ပြောကြားခဲ့သည်။

သစ်ပင်များစိုက်ပျိုးရန်အတွက် ရေသည် အဓိကလိုအပ်ချက်ဖြစ်ရာ ဧရာဝတီမြစ်ရေတင်စီမံကိန်းကို အောင်မြင်အောင်အကောင်အထည်ဖော်၍ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံတော်အကြီးအကဲက ဖြည့်စွက်အသိပေး ပြောကြားခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ကျေးရွာတစ်ရွာလျှင် သစ်တောစိုက်ခင်း အနည်းဆုံး နှစ်ဧက စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဇုန်ဒေသများတွင် သစ်ပင်များစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ စိုက်ပျိုးရန်လိုပြီး ပျိုးပင်များကို ဒေသ၏ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိအောင် ပျိုးထောင်၍ စိုက်ပျိုးမည်ဆိုပါက အောင်မြင်ဖြစ်ထွန်းမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပေးအပ်သွားမည်ဟု သိရသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် တစ်နှစ်ထက်တစ်နှစ် ကမ္ဘာကြီးပူနွေးမှုမြင့်မားလာရာ အပူပိုင်းဇုန်ဒေသများ သဲကန္တာရဒေသအဖြစ်မျိုးမရောက်ရှိစေရေးအတွက် အပူပိုင်းဒေသဇုန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ အတူတကွပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြရန်လိုမည်ဖြစ်သည်။ ချောက်ခရိုင်အပါအဝင် မြန်မာနိုင်ငံ အပူပိုင်းဒေသများသည် ရေခံမြေခံအားဖြင့် ဆီထုတ်လုပ်မှုနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်သဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်၍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်သည့် အခြေအနေကောင်းများပိုင်ဆိုင်ထားသဖြင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ မြေကိုကောင်းမွန်စွာပြုပြင်ရေး၊ အောင်ရေကောင်းမွန်စွာရရှိရေးနှင့် စိုက်နည်းစနစ်များမှန်ကန်ရေးတို့ လိုအပ်မည်ဖြစ်သည်။ အပူပိုင်းဒေသတွင် ယာစိုက်ပျိုးမှုများပြားသဖြင့် မြေပြုပြင်မှုနှင့် အောင်ရေရရှိရေးလိုအပ်သည်။ လိုအပ်သည့်မြေဩဇာကို ပြည်တွင်း၌ ထုတ်လုပ်ပေးလျက်ရှိပြီး ပြည်ပမှလည်း မှာယူတင်သွင်းလျက်ရှိသည့်အပြင် မြေဆွေးမြေဩဇာများနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အပူပိုင်းဇုန်ဒေသများသည် ပုဂံယဉ်ကျေးမှုနယ်မြေတွင်ပါဝင်သဖြင့် ဒေသထွက်ကုန်များကို တိုးတက်ထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပခရီးသွားများအား ရောင်းချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အပူပြင်းဆုံးဒေသကို အကောင်းဆုံးဒေသဖြစ်အောင် ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများရှိသဖြင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ချောက်မြို့နယ်သည် ရေနံထုတ်လုပ်မှုမှ စက်မှုအခြေခံကောင်းများရှိခဲ့သည့်အပြင် ပညာရေးနှင့်ပတ်သက်၍လည်း အခြေခံကောင်းများရှိပြီးဖြစ်သည်။ ထို့ကြောင့် အပူဒဏ်ကို တွန်းလှန်အန်တုပြီး ဒေသဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ချောက်မြို့နယ်သည် အစဉ်အလာအားဖြင့် အပူချိန်မြင့်မားသောဒေသတစ်ခုဖြစ်သဖြင့် အပူဒဏ် လျော့နည်းသက်သာရေးနှင့် အပူဒဏ်ခံနိုင်ရေးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရာသီဥတုပြင်းထန်သောကာလများ၌ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးမကောင်းသောသူများအတွက် အပူရှောင်နားခိုရမည့်နေရာများကို တည်ဆောက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရာသီဥတုပူပြင်းမှုဒဏ်ကို ပြင်းထန်စွာခံစားရသော်လည်း အစဉ်အလာကောင်းများရှိပြီးဖြစ်သည့် ဒေသအဖြစ်ရပ်တည်ပြီး ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများအတူ ပူးပေါင်းလက်တွဲဆောင်ရွက်ပြီး ဒေသတစ်ခု လူမှုစီးပွားမြင့်မားတိုးတက်မှုမှသည် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဗန်းမော်ဆရာတော်ဘုရားကြီး တစ်နှစ်ပြည့်အခမ်းအနား ကျင်းပ



ရန်ကုန် မေ ၂၇

နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်နန်းစံမြန်းတော်မူခြင်း တစ်နှစ်ပြည့်အား ရည်စူး၍ နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ၁၁ ပါးအား နေ့ဆွမ်းဆက်ကပ်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နတ်စင်တစ်ရာကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေ့ပရိသတ်များက သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချတရားနာယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရပ်နားခဲ့သည်။

အခမ်းအနားကို ပင်မနယ်လှည့် သစ္စာဓိဋ္ဌာန်စတုဒိသာ နတ်စင်တစ်ရာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာတေဇက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့သန်လျင်မြို့နယ်မှ ဌာနဆိုင်တာဝန်ရှိသူများ တက်ရောက်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ကလေးမြို့နယ်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာပေးသင်တန်း ကျင်းပ

ကလေး မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာပေးသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပို့ချ

ဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးလှစိုးကအမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်ထွန်းဝင်းနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ ခရိုင်မျိုးစေ့တာဝန်ခံ၊ ခရိုင်ပိုးမွှားကာကွယ်ရေးတာဝန်ခံများက တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးနေမှုများ၊ မိုးသီးနှံစိုက်ပျိုးနည်းများ၊ စိုက်ပျိုးမြေပြုပြင် သုံးစွဲနည်းများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း၊ သဘာဝပိုးသတ်ဆေးရည် ပြုလုပ်သုံးစွဲနည်းများနှင့် တိရစ္ဆာန်များ၌ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ကြသည်။




အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများနှင့် မျိုးစေ့ထုတ်နှင့် စံပြစိုက်ပျိုးကြမည့်တောင်သူများ၊ (SMU) ကျေးရွာလှုပ်ရှားမှုစီမံကိန်းရွာဖြစ်သည့် နှော့ညောင်ပင်ကျေးရွာမှ (SMU) အဖွဲ့ဝင်များ၊ တောင်သူများ စုစုပေါင်း ၅၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၃၁၃ | ၂,၇၂၂,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၃,၃၈၄ | ၉,၇၅၉,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၅,၅၆၁ | ၈,၆၁၉,၃၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၄၀ | ၆၈,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၂,၃၀၀ | ၂,၃၀၀ | ၁,၀၄၂ | ၂,၃၉၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၈ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၉ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ(၂/ ၂၀၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၇**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့ကြောင်း၊ ယခုအခါ မတည်ထောက်ပံ့ငွေထုတ်ပေးခဲ့မှု၊ ထုတ်ချေးပြီးစီးမှုနှင့် ချေးငွေပြန်လည်ပေးဆပ်မှု နယ်မြေဒေသအခြေအနေနှင့် မိုခါမုန်တိုင်းတိုက်ခတ်မှုတို့ကြောင့် ချေးငွေအရင်း/အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစုထားရှိရေး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေးဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များသို့ သင်တန်းဖွင့်လှစ်ပို့ချခဲ့မှု အခြေအနေများကို ကော်မတီဝင်များအားလုံး စနစ်တကျသုံးသပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ယခုအစည်းအဝေးတွင် မှတ်တမ်းတင်ရန်နှင့် အတည်ပြုဆုံးဖြတ်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လည်းကောင်း ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဝင်များက (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့်ကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို ထူထောင်၍ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများအထွက်တိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ တာဝန်ပေးဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများနှင့် တောင်သူဦးကြီးများအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❐ ရွှေဖုံးမှ**

ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ ဒေသအတွင်း ရှေးဟောင်းအဆောက်အအုံပေါင်း ၃၅၉၅ ဆူ၊ ကြားခံဒေသအတွင်း ၂၄၂ ဆူ စုစုပေါင်း ၃၈၃၇ ဆူ ပုဂံဌာနခွဲမှ ထိန်းသိမ်းထားပြီး ထိုသို့ ထိန်းသိမ်းခြင်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံတစ်နိုင်ငံရှိ လူမျိုးတစ်မျိုးစီတိုင်း၏ အရည်အသွေး၊ တန်ဖိုးနှင့် ဂုဏ်သိက္ခာဖြစ်သည်။

ထို့ကြောင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့် သမိုင်းတန်ဖိုးကိုသိပြီး အမွေအနှစ်များကို တန်ဖိုးထားသတ်မှတ်မှသာလျှင် နိုင်ငံနှင့် လူမျိုးကို ပိုမိုတန်ဖိုးထားချစ်မြတ်နိုးနိုင်မည်ဖြစ်၍ ရိုးရာယဉ်ကျေးမှုတန်ဖိုး ပျက်စီးပျောက်ကွယ်မသွားစေရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ကိုကာကွယ်ထိန်းသိမ်းရခြင်း ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ရှေးဟောင်း အမွေအနှစ်အဆောက်အအုံ များပြားကာ ၎င်းအဆောက်အအုံ များနှင့် တွဲလျက်ရှိသော မြေယာရှုခင်းများနှင့် မြေယာထွန်ယက်စိုက်ပျိုးခြင်း ဓလေ့သည်လည်း လှပသော အမွေအနှစ်ပင်ဖြစ်၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့် ဂရန်ထုတ်ပေးခြင်းများနှင့် ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၌ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၈ ရက်တွင် ပြုလုပ်သည့် ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(BAGANCOM)ပဉ္စမအကြိမ်အစည်းအဝေးတွင် "ပုဂံယဉ်ကျေးမှုဒေသအတွင်း စက်မှုစီးပွားမြေငှားဂရန် ပြောင်းလဲထုတ်ပေးခြင်း၊ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့် ထုတ်ပေးခြင်းများ ထိန်းချုပ်ကန့်သတ်ရန်နှင့် ဇုန်ပြင်ပတွင်သာ ခွင့်ပြုရန်" ဟု ဆုံးဖြတ်ခဲ့ကြကြောင်းလည်း ပါရှိသည်။

ကမ္ဘာ့အမွေအနှစ်ပုဂံဒေသတွင် သတ်မှတ်ထားသော မြို့ပြလူနေထိုင်ရာ ဧရိယာပြင်ပရှိ ယာမြေကွက်၊ မြေလွတ်မြေလပ်ကွက်များသည် လယ်ယာမြေအခြားနည်းသုံးစွဲခွင့် ထုတ်ပေးမရသော နေရာများဖြစ်သဖြင့် မြေကွက်များ၊ ယာမြေကွက်များကို ဝယ်ယူ၍ အခြားနည်းအသုံးပြုလိုသူများ၊ လူနေအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ ဈေးဆိုင်ခန်းများ ဆောက်လုပ်လိုသူများသည် လုပ်ငန်းဆောင်ရွက်ခွင့်မရနိုင်သောကြောင့် ဝယ်ယူသူနှင့် လုပ်ငန်းဆောင်ရွက်သူ ကာယကံရှင်များ ငွေကြေးဆိုင်ရာ ဆုံးရှုံးနစ်နာမှုရှိနိုင်ကြောင်း ပါရှိသည်။

ထို့ပြင် ပုဂံဒေသ ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးမူဘောင် (၅.၂)တွင် "ကမ္ဘာ့အမွေအနှစ်ဇုန်အတွင်းရှိ မြို့ပြဧရိယာများသည် အပြည့်အဝကာကွယ်ရန်လိုအပ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့် အသုံးပြုနိုင်ကြောင်း၊ အဆောက်အအုံ မဆောက်ရသေးသည့် နေရာများသည် ယခုအတိုင်းထားရှိပြီး မည်သည့်ဆောက်လုပ်ရေးလုပ်ငန်းကိုမျှ ဆောက်လုပ်ခွင့်မပြုကြောင်းနှင့် အမွေအနှစ်ဇုန်အတွင်းရှိ မြေယာရှုခင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရပါမည်" ဟု ဖော်ပြပါရှိသည်။

ထို့ကြောင့် မြေယာဝယ်ယူမည်ဆိုပါက မှားယွင်းမှုမရှိစေရေးအတွက် ဝယ်ယူမှုမပြုခင် ရှေးဟောင်း အမွေအနှစ်များကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးထားသည်။ **MT**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ တည်နေရာပြမြေပုံ



# စွမ်းအင်ဝန်ကြီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် စွမ်းအင်ဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနရုံး အမှတ်(၆)ရှိ ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ဝန်ထမ်းများ အနေဖြင့် သားသမီးများအတွက် ပညာအမွေပေးနေခြင်းကို ဌာနအနေဖြင့် ကူညီပံ့ပိုးပေးခြင်းပင် ဖြစ်ပါကြောင်း၊ ပညာသင်ယူတတ်မြောက်မှသာ အသိပညာ၊ ဗဟုသုတပြည့်စုံ၍ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာရှိမည်ဖြစ်သည့်အတွက် ဦးနှောက်တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ "မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း" ဆိုသော စကားရပ်နှင့်အညီ ကလေးများ ကျောင်းတက်မှန်ရေး၊ စစ်ဆေးအကဲဖြတ်ပေးရေး ကိစ္စများကို မိဘများကလည်း ဆရာများနှင့် ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်ကို အလုပ်အကျွေးပြုမည့် လူရည်ချွန်၊ လူရည်မွန် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြစေရန် ကြိုးစားစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များက ကျောင်းသားကျောင်းသူ သားငယ် သမီးငယ်များကို ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

စွမ်းအင် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၅၃၁၇ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၆၁၅၈၅၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။




အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံနေမှုများ လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ကျောင်းဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းဘောလုံးကွင်း ဆောင်ရွက်ထားမှု၊ စာသင်ခန်းအတွင်း ပြင်ဆင်ထားရှိမှု၊ အခြေခံပညာမူလတန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်တို့အတွက် စာရိတ္တနှင့်ပြည်သူ့နီတိ၊ အနုပညာ၊ ကာယပညာနှင့် စာကြည့်တိုက်အပါအဝင် ဘာသာရပ်အလိုက် စာသင်ချိန်သတ်မှတ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအပ်နှံသည့် ကလေးများအားလုံးကို ကျောင်းသုံးပြဋ္ဌာန်း ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို အခမဲ့ဖြန့်ဝေပေး၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများပါ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မေ ၂၃ ရက်မှ ၂၇ ရက်အထိ အခြေခံပညာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၁၆၀၀၁၉ ဦးထိ လာရောက်ကျောင်းအပ်နှံကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**တိုက်ကြီး မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တိုက်ကြီး(မြို့မ) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး စိုးမိုးကျော်က



အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး စိုးမိုးကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သည့် မူလတန်းကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဘောပင်၊ ခဲတံများကို ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်၍ အလှူရှင်များက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား အလှူငွေများပေးအပ်သည်။ **ဉာဏ်ဟိန်း**



# မုဒုံမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မုဒုံ မေ ၂၇**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းနေရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး တာဝန်ခံ ဒေါ်မို့မို့သိန်းက ကျောင်းအပ်နှံရေးလုပ်ငန်းများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသုံးပုံနှိပ်စာအုပ်စုံ ၃၂၇၅၀၊ ဗလာစာအုပ်ဒါဇင် ၃၁၂၈၀၊ ခဲတံ ၁၂၉၀၈ ဒါဇင်၊ ဘောပင် ၂၃၁၅ ဒါဇင်၊ ကျောင်းဝတ်စုံမူဆင့် ၂၄၂၀၁ စုံနှင့် ပညာရေးစေတနာရှင်များက ငွေကျပ် ၁၂၉၉ သိန်းကို ထောက်ပံ့လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ မုဒုံမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၀၂ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း၊ ကိုယ်ပိုင်ကျောင်း ငါးကျောင်းကို ဖွင့်လှစ်မည်ဖြစ်ပြီး KG တန်းမှ Grade-12 တန်းထိ ကျောင်းသား ကျောင်းသူ ၃၅၂၁၁ ဦးကို ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား လားရှိုးမြို့၌ ကျင်းပ

**လားရှိုး မေ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လားရှိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မောဝ်ချယ်ရီခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်း၊ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ) မှ ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခန်းမအတွင်း၌ အခမ်းအနားကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်း



မြောက်)ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

**စိုင်းထွန်း(လားရှိုး)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။



ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပဉ္စမရက်ဖြစ်သည့် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၁၆၀၀၁၉ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**




# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မုံရွာ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးသိုက်တို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီး အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အခြေခံပညာ တိုးတက် ပြောင်းလဲရေးတွင် အဓိက ပါဝင်သည့် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး၊ ဆရာ့အတတ်ပညာ အရည်အချင်း၊ ရုပ်ဝတ္ထုပစ္စည်းဖြစ်သည့် ကျောင်းတွင်း၊ကျောင်းပြင် သန့်ရှင်းသပ်ရပ်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန် လာစေရေးတို့ကို အမြဲတစေ ကြိုးစားနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအတွက်ကျောင်းသုံး ပုံနှိပ်စာအုပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျောင်းဝတ်စုံများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးထံ ထောက်ပံ့ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

**ဟားခါး မေ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံစသည်များကို ထောက်ပံ့ပေးသကဲ့သို့ မိဘပြည်သူများအား အခက်အခဲဖြစ်စေမည့် ကျောင်းအတွက် ပေးသွင်းရမည့် ငွေကြေးများကို ကင်းလွတ်ခွင့်ရရှိပြီး အခမဲ့ပညာသင်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ချင်းပြည်နယ်တွင် ကျောင်းနေသူ ကျောင်းသားဦးရေ ပိုမိုတိုးတက်လာရေးနှင့် အခြေခံပညာကျောင်းများ ယခင်နှစ်ကထက် ပိုပြီးဖွင့်လှစ်နိုင်ရေးတို့ကို မိဘပြည်သူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံအာဏာပိုင်များက ဝိုင်းဝန်းကြိုးပမ်းကူညီဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းအပ်ပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးဘီကူးဒူက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နိုင်ငံတော်က အခမဲ့ထောက်ပံ့သည့် ပုံနှိပ်စာအုပ်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်ကလည်းကောင်း ၊ ဗလာစာအုပ်များကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က လည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှက လည်းကောင်း ပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူများက လက်ခံရယူကြကာ အမှတ် ( ၁ ) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက "ပညာသည်သာ ရတနာ" သီချင်းကို သီဆိုကြ၍ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ရုပ်သိမ်းကာ ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများမှ အတန်းအလိုက် ကျောင်းလက်ခံနေမှု အခြေအနေကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်ကအခမဲ့ထောက်ပံ့သည့် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံစသည့် ထောက်ပံ့ပစ္စည်းများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



❂ **မင်းလှမြို့မှ**

ပျဉ်ကတိုးပင် ၅၀၀၀၊ ကုက္ကို ၁၀၀၀၊ စိန်ပန်းကြီး ၁၀၀၀၊ ဗာဒံ ၁၀၀၀၊ ခရေ၅၀၀၊ဒန့်သလွန်၅၀၀၊ ပေါက်ပန်းဖြူ ၅၀၀ စုစုပေါင်း ပျိုးပင် ၈၂၀၀၀ နှင့် အထူးပျိုးပင် ၉၁၀၀၊ ယခင် နှစ်ပျိုးပင်လက်ကျန် ၅၈၅၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစေရန်နှင့် သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရန်အတွက် မိုးကြိုသစ်ပင်စိုက်ပျိုးခြင်း၊ မိုးရာသီသစ်ပင် စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေအစိုဓာတ်ရရှိချိန်တွင် ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန် ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ **ပေါက်စ (မင်းလှ)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပွင့်သောပန်းတိုင်းမွှေးစေဖို့ ကျောင်းအပ်နှံကြပါစို့

မေတ္တာမိုးနှင်း(ပဲခူး)

တိမ်စိုင်တိမ်လိပ်များ အုံ့မှိုင်းနေသကဲ့သို့ စိန်ပန်းနီနီများလည်း ဝေဆာပွင့်ဖူးနေချေပြီ။ သဘာဝတရားကို သိမြင်လိုက်ကတည်းက ရာသီစက်ဝန်းတစ်ပတ်လည်၍ အခြေခံပညာကျောင်းများ ဖွင့်တော့မည်ကို မိဘ၊ ဆရာနှင့် ကျောင်းသားကျောင်းသူများ သိကြလေသည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ နိုင်ငံတော်က မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သည်။ ယခုနှစ်ပညာသင်နှစ်အတွက်လည်း ပညာရေးဝန်ကြီးဌာနက ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများ၊ သင်ကြားရေးဝန်ထမ်းများကို သင်ကြားရေးဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးပြီးဖြစ်သည်။ စာသင်ကျောင်းများအတွက် လိုအပ်သောအဆောက်အအုံများ၊ သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ကျောင်းဖွံ့ဖြိုးမှု၊ ကျောင်းကျန်းမာရေး စသည့်လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်သည်။

**ပညာ**

ပညာနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိသည်။ ပညာဟူသည့် ဝေါဟာရနှင့် စပ်လျဉ်း၍ "ပ" ကို အထူးထူးအပြားပြား၊ "ညာ"ကို သိခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုချက်လည်းရှိသည်။ စာပေကျမ်းဂန်လာအတိုင်း ဝိဇ္ဇာပညာ၊ သိပ္ပံနှင့် နည်းပညာ၊ အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ လက်မှုပညာ၊ စာပေ၊ ဂီတ၊ ရုပ်ရှင် စသည့်အနုသုခုမပညာ စသည်ဖြင့်ဘာသာရပ်ဆိုင်ရာပညာရပ်များက မရေမတွက်နိုင်အောင် များပြားလှသည်။ ခြုံငုံဆိုရသော် အသိပညာ၊ အတတ်ပညာနှင့် လောကီ၊ လောကုတ္တရာပညာတို့ဟုသာ ဆိုရပါမည်။ ပညာဆိုသည်မှာ ပြုလုပ်သင့်၊ မပြုလုပ်သင့်သည်ကို ခွဲခြားသိခြင်း၊ အကြောင်းအကျိုး၊ အကောင်းအဆိုး ခွဲခြားသိမြင်ခြင်း၊ အခွင့်ကောင်းကြုံသည်၊ မကြုံသည်ရှိရာ၌ အခွင့်ကောင်းရှိလျှင် ဘာလုပ်သင့်သလဲ ဟူသောအသိရှိသည့် ပညာသည်သာလျှင် တကယ့်ရတနာအစစ်ဖြစ်ကြောင်း ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသက ဟောကြားထားပါသည်။ ထို့ကြောင့် "မြတ်စွာဘုရားက ရတနာအစစ်ဆိုသည်မှာ စိန်တွေ၊ ရွှေတွေ၊ ပတ္တမြားတွေမဟုတ်ဘဲ "ပညာနရာနံ ရတနံ"၊ "အသိပညာသည်သာ လူရဲ့ရတနာ" လို့ ဆိုတယ်"ဟူ၍ ဟောကြားတော်မူခဲ့သည်။

ပညာဖြင့် အသက်မွေးသောသူသည် မြတ်သော အသက်မွေးခြင်းဖြစ်သည်။ ပညာသည် အကျိုးအပြစ်ကို ခွဲခြားနိုင်သည်ဟု ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာတွင် ဖော်ပြထားပေသည်။ ပညာမဲ့သောသူသည် အကျိုးအပြစ်ကို ခွဲခြားမသိသကဲ့သို့ စီးပွားဥစ္စာရှာဖွေသော်လည်း လိုသလောက်မအောင်မြင်ဘဲ မျက်ကန်းတစ်ယောက်သို့သာ ဖြစ်နေပေလိမ့်မည်။ ပညာသည် လူသားတို့၏ ဘဝခရီးလမ်းအတွက် ပဲ့ကိုင်ရှင်တစ်ဦးပင် ဖြစ်သည်။ ငွေကြေးကြွယ်ဝမှု၊ ရုပ်ရည်လှပမှုတို့သည် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ခဲ့လျှင်လည်း အပြည့်အဝစိတ်ချမ်းသာမည်မဟုတ်ပါ။ ပညာဖြင့်ပြည့်စုံမှသာ လူသားတိုင်းနှင့် သဟဇာတဖြစ်၍ စိတ်ချမ်းသာမှု အပြည့်အဝရရှိမည်သာဖြစ်ပေသည်။ ထို့ကြောင့် ပညာကို လူသားတိုင်း တတ်မြောက်အောင် သင်ယူလေ့လာကြရပေမည်။



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံခြင်းကို စတင်လက်ခံပေးလျက်ရှိစဉ်။

**ယနေ့ပညာရေး**

ပညာရေးလောကတွင် "ကျောင်းနေပျော်၍ စာတော်ရမည်" ဟူသောအချက်သည် အဓိကကျပါသည်။ စာသင်၊ စာကျက်၊ စာဖတ်၊ စာရေးဟူသည်နှင့် စိတ်ပါဝင်စားမှုမရှိဘဲ ပညာသင်ယူနေပါက ထူးခြားသောအကျိုး ရရှိမည်မဟုတ်ပေ။ ပညာတစ်ခုတည်းကိုသာ သင်အံနေလျှင်လည်း ဗလငါးတန် ဖွံ့ဖြိုးမည်မဟုတ်ပေ။ ဗလငါးတန်ပြည့်စုံသော ကျောင်းသား ကျောင်းသူများဖြစ်မှသာလျှင် အနာဂတ်နိုင်ငံတော်သစ်ကြီး သာယာဝပြောပေလိမ့်မည်။ လူငယ်များသည် အနာဂတ်၏ ဦးဆောင်သူများဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးခြင်းသည် လူငယ်များအပေါ်တွင် မူတည်ပေသည်။ ထို့ကြောင့်ပင် လူငယ်များကို ပြုစုပျိုးထောင်ရေး၌ နိုင်ငံတော်အစိုးရက တစ်တပ်တစ်အား ကူညီဆောင်ရွက်နိုးဆော်လျက်ရှိနေခြင်းဖြစ်သည်။ ပညာရေးကဏ္ဍတွင်လည်း ကျောင်းနေပျော်၍ စာတော်သောသူများဖြစ်စေရန်နှင့် ဗလငါးတန်ပြည့်စုံကြစေရန် သင်ကြားမှု၊ သင်ယူမှုများကို အကောင်းဆုံးပြုပြင်ပြောင်းလဲ စီမံထားရှိပေသည်။

စနစ်သစ်အခြေခံပညာရေးသင်ခန်းစာများကို အတွေးအခေါ်ပိုင်း၊ အတတ်ပညာပိုင်း ဦးစားပေးစနစ်ဖြင့် ဆွေးနွေးသင်ကြားစစ်ဆေးသွားမည်ဖြစ်သည်။ အနာဂတ်လူငယ်များ ဆက်လက်လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills ) လိုအပ်ပါသည်။ သင်ယူမှုအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို C - ၅ လုံး (5 C's) ဟု သတ်မှတ်ထားပါသည်။ ယင်း C- ၅ လုံးမှာ ပူးပေါင်းဆောင်ရွက်ခြင်း/ အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း (Collaboration/ Group Work)၊ ဆက်သွယ်ပြောဆိုခြင်း (Communication)၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)၊ တီထွင်ဖန်တီးခြင်း (Creativity and Inovation)၊ နိုင်ငံသားကောင်းစိတ်ဓာတ်ရှိခြင်း (Citizenship)တို့ဖြစ်သည်။ ထို C - ၅ လုံးကျွမ်းကျင်မှုများ ရရှိအောင် သင်ကြားပေးခြင်းဖြင့် ကျောင်းသားလူငယ်များကို အုပ်စုဖြင့် လုပ်ငန်းပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တတ်ပြီး အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေရအောင် ညှိနှိုင်းရှာဖွေတတ်ခြင်း၊ အတွေးအခေါ်အယူအဆသစ်များရှာဖွေခြင်း (self control)နှင့် သင်ခန်းစာများကို ကိုယ်တိုင်တွေးခေါ်နိုင်ခြင်း (self education) ကျွမ်းကျင်မှုများ ရရှိမည်ဖြစ်သည်။

**နိုင်ငံဖွံ့ဖြိုးမှုအတွက်ပညာအုတ်မြစ်**

နိုင်ငံအားလုံးသည် ပညာအုတ်မြစ်အခြေခံနှင့် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေကြရသည်။ တိုးတက်သည့်နိုင်ငံအားလုံး၌ ပညာရေးရေချိန် ပိုမိုမြင့်မားလာသည်ကို တွေ့ကြရသည်။ ပညာရေးအားနည်းမှုနှင့်အတူ ဆင်းရဲမွဲတေမှု၊ ရောဂါဘယထူပြောမှု၊ အကြမ်းဖက်မှု၊ ပြည်တွင်းစစ်၊ မငြိမ်းချမ်းမတည်ငြိမ်မှု စသည်တို့မှာ အနည်းနှင့်အများ ဆက်စပ်နေသည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးအနေအထား၊ စီးပွားရေး၊ ကျန်းမာရေး စသည့်အခြေအနေများကြားထဲမှ ပညာသင်ကြားခွင့်ရှိသူတိုင်း ပညာသင်ကြားခွင့်ရရှိနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက တိုက်တွန်းလှုံ့ဆော်လျက်ရှိသည်။ ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများစွာကိုရင်ဆိုင်ပြီး ပညာရည်မြင့်မားစေရန် အင်တိုက်အားတိုက် ဆောင်ရွက်နေကြပေသည်။ ယနေ့မျက်မှောက်ကာလသည် နည်းပညာများ အရှိန်အဟုန်ဖြင့်တိုးတက်လာနေပြီ ဖြစ်သည်။ ထိုနည်းပညာခေတ်ကို အမီလိုက်နိုင်ရန်အတွက် ပညာတတ်မြောက်အောင် သင်ယူကြရမည်ဖြစ်သည်။ ပညာမရှိလျှင် ခေတ်နောက်ကျ ကျန်မည်မှာ သေချာပါသည်။ ခေတ်နောက်ကျ ကျန်နေသည့် လူဦးရေ များပြားလာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည်လည်း နောက်ကျမည်မှာ မလွဲကေန်ပင်ဖြစ်ပေသည်။ ပညာခေတ်တွင် ပညာတတ်များများရှိမှသာလျှင် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ အမြန်ရောက်ရှိမည် ဖြစ်ပေသည်။

**ကျောင်းအပ်နှံကြစို့**

လူ့လောကတွင် လူသားတိုင်းသည် ဝမ်းစာရေးအတွက် အသက်မွေးဝမ်းကျောင်းပြုကြရသည်။ ကာယလုပ်သားနှင့် ဉာဏလုပ်သားဟူ၍ နှစ်မျိုးနှစ်စားဖြင့် ကွဲပြားစွာလုပ်ကိုင်ကြရသည်။ မည်သို့ပင်ဆိုစေကာမူ လုပ်သားတိုင်းတွင် ပညာတတ်သူကသာ ပင်ပန်းဆင်းရဲမှု သက်သာပေလိမ့်မည်။ "ပညာဟူသည် မြတ်ရွှေအိုး"ဟု ဆိုရခြင်းမှာ အတတ်ပညာ၊ အသိပညာများနှင့် ပြည့်စုံပါက တစ်သက်တာအတွက် စိုးရိမ်ကြောင့်ကြမှုနည်းပါးစွာဖြင့် ပင်ပန်းဆင်းရဲမှုမရှိဘဲ လုပ်ကိုင်စားသောက်နိုင်ခြင်းကို ဆိုလိုပေသည်။ အသိပညာရှိမှသာလျှင် အတတ်ပညာကို လေ့လာနိုင်စွမ်းရှိမည်။ အသိပညာ၊ အတတ်ပညာ ပြည့်စုံမှသာလျှင် အရာရာကို စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိပြီး မိမိသာမက မိမိပတ်ဝန်းကျင်ကိုလည်း အလှဆင်နိုင်ပေလိမ့်မည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာအတွက်လည်း စိတ်ချမ်းသာမှုရနိုင်ပေလိမ့်မည်။

ယနေ့နိုင်ငံတော်က လူငယ်များကို အလေးထား၍ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ကျောင်းနေပျော်၍ စာတော်သောသူများဖြစ်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိနေပေသည်။ မိဘများကလည်း မိမိတို့၏ သားသမီးများအား ယဉ်ကျေးလိမ္မာ၍ ထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်စေရန် ပညာသင်ကြားနိုင်အောင်ဆိုဆုံးမ၍ တိုက်တွန်းကြရမည်။ မိမိကိုယ်ပိုင်အသိဉာဏ်ဖြင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ရန် အတတ်ပညာ၊ အသိပညာများကိုသင်ယူရန် နည်းလမ်းပြကြရမည်။ အနာဂတ်၏ အောင်မြင်သူတစ်ယောက်ဖြစ်စေရန် ပညာရေးကိုဦးစားပေးကြရမည်။ စာအုပ်စာပေ၌ ချစ်ခင်မြတ်နိုးတတ်စေရန် လမ်းညွှန်မှုပေး၍ ပညာသင်ချင်စိတ်ဖြစ်ပေါ်ရန် သွန်သင်ကြရမည်။ သာယာသော အနာဂတ်လူ့ဘောင်တစ်ခု၊ ခေတ်မီနိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရန်အတွက် အနာဂတ်သားကောင်း သမီးကောင်းရတနာများကို မြေတောင်မြှောက်၍ မွေးထုတ်ကြရမည်ဖြစ်သည်။ ပွင့်သောပန်းတိုင်းလှ၍ လှသောပန်းတိုင်းမွှေးစေချင်ပါသည်။ မွှေးသောပန်းရနံ့တို့ ဤကမ္ဘာမြေပေါ် လွှမ်းခြုံနိုင်ရန် မိမိတို့၏ မျိုးဆက်သစ်များကို ကျောင်းအပ်နှံကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကိုးကား -

မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၃)

ကျောင်းအပ်နှံရေးစီမံချက်များ

❛ ယနေ့နိုင်ငံတော်က လူငယ်များကို အလေးထား၍ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ကျောင်းနေပျော်၍ စာတော်သောသူများဖြစ်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိနေပေသည်။ မိဘများကလည်း မိမိတို့၏ သားသမီးများအား ယဉ်ကျေးလိမ္မာ၍ ထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်စေရန် ပညာသင်ကြားနိုင်အောင်ဆိုဆုံးမ၍ တိုက်တွန်းကြရမည်။ မိမိကိုယ်ပိုင်အသိဉာဏ်ဖြင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ရန် အတတ်ပညာ၊ အသိပညာများကိုသင်ယူရန် နည်းလမ်းပြကြရမည်။ အနာဂတ်၏ အောင်မြင်သူတစ်ယောက်ဖြစ်စေရန် ပညာရေးကိုဦးစားပေးကြရမည်။ စာအုပ်စာပေ၌ ချစ်ခင်မြတ်နိုးတတ်စေရန် လမ်းညွှန်မှုပေး၍ ပညာသင်ချင်စိတ်ဖြစ်ပေါ်ရန် သွန်သင်ကြရမည်။ သာယာသောအနာဂတ်လူ့ဘောင်တစ်ခု၊ ခေတ်မီနိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရန်အတွက် အနာဂတ်သားကောင်း သမီးကောင်းရတနာများကို မြေတောင်မြှောက်၍ မွေးထုတ်ကြရမည်ဖြစ် ❜

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၄/ ၂၀၂၄)

၁။ ကလေးသူငယ်များသည် အနာဂတ်ကာလ နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ယူ၍ လက်ဆင့်ကမ်းထမ်းဆောင်ကြမည့်သူများဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါကလေးသူငယ်များ၏ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာမူတည်ပါသည်။ ပညာသင်ကြားခွင့် ဆုံးရှုံးခြင်းသည် ကလေးသူငယ်ကိုယ်တိုင်နှင့် နိုင်ငံ့အနာဂတ်အတွက်ပါ ထိခိုက်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

၂။ ပညာသင်ကြားခွင့်သည် ကလေးသူငယ်များအတွက် မူလအခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၆) တွင် "လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်" ဟု ဖော်ပြထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၆၆ (က) တွင်လည်း "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားသည့်အားလျော်စွာ ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိနိုင်ရေးနှင့် လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အခြေခံပညာမှစ၍ စနစ်တကျ မြှင့်တင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

၃။ ယခုအချိန်သည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလဖြစ်ရာ မသန်စွမ်းကလေးသူငယ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့် ဆုံးရှုံးနေရသည့် ကလေးများအပါအဝင် ကျောင်းနေအရွယ်ကလေးတိုင်း မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ မိဘများ၊ တရားဝင်အုပ်ထိန်းသူများ၊ မိသားစုဝင်များနှင့် သက်ဆိုင်သူများအားလုံးက ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစား၍ အချိန်မီ ကျောင်းအပ်နှံနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်**

## ခရစ်ကက်နည်းပြနှင့် ဒိုင်(အဆင့်မြင့်)မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်း ဖွင့်လှစ်သည့် ခရစ်ကက်နည်းပြနှင့် ဒိုင်(အဆင့်မြင့်) မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသများတွင် ခရစ်ကက်အားကစားနည်း ပြန့်ပွားစေရန်အတွက် မျိုးဆက်သစ်ခရစ်ကက် အားကစားသမားများကို ရှာဖွေစုဆောင်းပြီး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုကဲ့သို့ နည်းပြနှင့် ဒိုင်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲနေသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို အချိန်တိုအတွင်း သိရှိလေ့လာခွင့် ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် လက်ရှိကျင့်သုံးနေသည့် Rules and Regulations များကို အလွယ်တကူ သိရှိနားလည်လာမည် ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို သင်ယူလိုစိတ်အပြည့်အဝဖြင့် သေချာစွာလေ့လာသင်ယူပြီး ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခရစ်ကက်အားကစားနည်းဖြင့် ရွှေတံဆိပ်များစွာ ရယူပေးနိုင်ရန် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခရစ်ကက်နည်းပြနှင့် ဒိုင်(အဆင့်မြင့်)မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၄)ကို မေ ၂၇ ရက် မှ ဇွန် ၇ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် မေ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံရသည့်တိုင် မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်ပြီး အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်က ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မမေဖြူလတ်သည် မေ ၂၆ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် ည ၈ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဒူဘိုင်းမြို့နှင့် နယူးဒေလီမြို့တို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ယနေ့ ညနေ ၄ နာရီတွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မမေဖြူလတ်သည် ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အိမ်ရှင်နှင့်အဆင်မပြေမှုကြောင့် ဒူဘိုင်းမြို့အေးဂျင့်ရုံးသို့ ပြန်ပို့ပေးရန် တောင်းဆိုခဲ့ရာ ခွင့်မပြုသည့်အတွက် ထိုအိမ်မှ ထွက်ပြေးစဉ် လမ်း၌ ပါကစ္စတန်လူမျိုးနှစ်ဦးနှင့် တွေ့ဆုံ၍ အခြားအိမ်တစ်အိမ်သို့ ပို့ဆောင်ခဲ့သောကြောင့် ထိုအိမ်တွင် နှစ်လကျော်အလုပ်လုပ်ကိုင်ခဲ့ရပြီး အိမ်ရှင်အား ဒူဘိုင်းမြို့သို့ ပြန်လည်ပို့ဆောင်ပေးရန် တောင်းဆိုခဲ့ရာ လေဆိပ်သို့ပို့ဆောင်ပေးခဲ့သဖြင့် လေဆိပ်တွင် ၁၂ ရက်ကြာ နေထိုင်ခဲ့ရကာ King Khalid International Airport မှ လေဆိပ်တာဝန်ခံအရာရှိက လေဆိပ်တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသူ မမေဖြူလတ်အား လာရောက်ခေါ်ဆောင်ပေးနိုင်ပါရန် မြန်မာသံရုံးသို့ ဆက်သွယ်ပြောကြားလာ၍ မမေဖြူလတ်အား မေ ၁၀ ရက်၌ လေဆိပ်တွင် သွားရောက်ခေါ်ဆောင်၍ မြန်မာသံရုံးတွင် နေရာထိုင်ခင်း၊ အစားအသောက်နှင့် လိုအပ်သောကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ မြန်မာနိုင်ငံသူ မမေဖြူလတ်အား ဆော်ဒီအာရေဗျနိုင်ငံမှ အမြန်ဆုံးပြန်လည်ထွက်ခွာနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့်(Exit Permit) ရရှိခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုအား မမေဖြူလတ်က "ကျွန်မက ပဲခူးမြို့မှာနေပါတယ်။ ကျွန်မမှာကလေးလည်းရှိတဲ့အတွက် ပြည်ပမှာလုပ်ခလစာများတယ်ဆိုတဲ့ ဆက်သွယ်မှုနဲ့ ရောက်ရှိသွားတာပါ။ ဟိုရောက်တော့ အစားအသောက်မမှန်တာ၊ အိပ်ချိန်နည်းတာ၊ ဘာသာစကားနားမလည်တာနဲ့ လစာတောင်းရာမှာ အခက်အခဲမျိုးစုံကြုံရပါတယ်။ နောက်တစ်အိမ်ကို ရောက်တော့ အလုပ်ဆက်လုပ်လို့ မရတော့တာကြောင့် ကျွန်မကိုလေဆိပ်မှာပို့ပေးခဲ့တယ်။ လေဆိပ်မှာ ၁၀ ရက်ကြာတော့ အမိနိုင်ငံကိုပြန်မရောက်တော့ဘူးလို့ထင်ထားတာ လေဆိပ်ဝန်ထမ်းတွေက မြန်မာသံရုံးကိုဆက်သွယ်ပေးတော့ ချက်ချင်းလာရောက်ခေါ်ဆောင်တဲ့အတွက် အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါတယ်။ သံရုံးကိုရောက်ချိန်မှာလည်း ဝန်ထမ်းများက အားပေးစကားပြောပြီး လိုအပ်တာတွေအားလုံး ကူညီပေးကြတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးဖြစ်ရပါတယ်။ မြန်မာနိုင်ငံကို ပြန်လာတဲ့ လမ်းခရီးတစ်လျှောက်မှာလည်း သံရုံးက အစစအရာရာ ကူညီဆောင်ရွက်ပေးတာကြောင့် အားလုံးအဆင်ပြေချောမွေ့ခဲ့ပြီး မိမိနိုင်ငံရဲ့ အပြန်ခရီးဟာ မထင်မှတ်ထားတဲ့ ကူညီဆောင်ရွက်ပေးမှုရဲ့ကျေးဇူးတွေကြောင့် အားလုံးချောမွေ့ခဲ့ပါတယ်။ အခုလိုပြည်ပမှာ အခက်အခဲကြုံတွေ့နေရချိန်မှာ ကူညီဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ သံရုံးကဝန်ထမ်းများအားလုံးကို ဒီနေရာကနေ အထူးပဲ လေးလေးစားစား ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်"ဟု တွေ့ကြုံခဲ့ရမှုတို့ကို ပြောကြားသည်။



နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂၇**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# (၁၀၇)ကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ် သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

**ပဲခူး မေ ၂၇**

ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၂၇ ရက် နံနက်ပိုင်းက (၁၀၇)ကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ် သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားခဲ့သည်။

**ဆုများချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ်သင်တန်း ပထမနှစ် နှစ်ဆုံးစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဂုဏ်ပြုဆုနှင့် ပဲခူးမြို့ သားဖွားသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်း ပထမနှစ်ဝက် စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။



ယင်းနောက် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ငွေငွေမွန်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးချယ်ရီအောင်တို့က သင်တန်းသူလေးများအား သူနာပြုဦးဆောင်းများ အပ်နှင်းပေးခဲ့ကြသည်။ ၎င်းနောက် ကမ္ဘာ့သူနာပြုမိခင်ကြီး မီးအိမ်ရှင် ဖလော်ရင့်(စ)နိုက်တင်ဂေးအား ဂုဏ်ပြုသောအားဖြင့် သင်တန်းသူများက ဖယောင်းတိုင်မီးထွန်းညှိခဲ့ကြကာ သူနာပြုအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြသည်။

ထို့နောက် သင်တန်းသူများက ကရုဏာအလင်း သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဆရာမများ၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြကြောင်း သိရသည်။

ပဲခူးမြို့ သားဖွားသင်တန်းကျောင်းအနေဖြင့် ၁၈ လ သင်တန်းလက်မှတ်ရ သားဖွားဆရာမ ၁၁၂၇ ဦးနှင့် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ် သင်တန်းလက်မှတ်ရ သားဖွားဆရာမ ၂၄၉ ဦး စုစုပေါင်း ၁၃၇၆ ဦး အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကော့သောင်းမြို့၌ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ကော့သောင်း မေ ၂၇**

ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကိုယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ကော့သောင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၁ ဦး စုစုပေါင်း ၂၁ ဦးဖြင့် ကျင်းပသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများကိုလည်း ဆက်လက်ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## YUFL ၏ Basic Vietnamese Language Course အမှတ်စဉ် (၁) ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၇**

ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်၏ Basic Vietnamese Language Course အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် Vietnam Business Club in Myanmar (VBCM) ကိုယ်စား BIDV Yangon Branch ၏ CEO ဖြစ်သူ Mr. Nguyen Quang Ngoc က သင်တန်းတွင် အသုံးပြုရန်အတွက် မြန်မာငွေကျပ် ၁၂ သန်း ကူညီပံ့ပိုးခဲ့ကြောင်း အဆိုပါ တက္ကသိုလ်မှ အသိပေးထုတ်ပြန်ထားသည်။

**ကျင်းပခဲ့**

ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်၏ Basic Vietnamese Language Course အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် တက္ကသိုလ်၏ LRC-103 ၌ ကျင်းပခဲ့ကြောင်း အဆိုပါ တက္ကသိုလ်မှထုတ်ပြန်ထားချက်အရ သိရသည်။



အခမ်းအနားသို့ ရန်ကုန်မြို့ရှိ ဗီယက်နမ် စီးပွားရေးအသိုင်းအဝိုင်းမှလုပ်ငန်းရှင်များ၊ မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းနှင့် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းများမှ အမှုဆောင်များ၊ ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဧည့်သည်တော်များအနေဖြင့် YUFL စာသင်ခန်းများသို့လည်း သွားရောက်လေ့လာကြည့်ရှုကြပြီး ဗီယက်နမ်ဘာသာစကား သင်ယူနေသော သင်တန်းသားများကို နှုတ်ဆက်အားပေးကြသည်။

ယခုသင်တန်းသည် အခြေခံအဆင့် ခြောက်လသင်တန်းဖြစ်ပြီး ဗီယက်နမ် ဘာသာစကားကို စိတ်ဝင်စားသူများနှင့် လုပ်ငန်းခွင်တွင်ပြန်လည်အသုံးချရန်လိုအပ်သူများ စုစုပေါင်း ၆၂ ဦး တက်ရောက်သင်ယူလျက်ရှိပြီး သင်တန်းကို ဗီယက်နမ်လူမျိုး မြန်မာဘာသာစကားကို အဆင်ပြေစွာပြောဆိုတတ်သူ ဆရာ ဆရာမနှစ်ဦးက မေ ၁၈ ရက်မှ စ၍သင်ကြားနေခြင်းဖြစ်သည်။

**MT**

## လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်း ဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(ဗဟန်း) ခန်းမ၌ သတင်းရေးသားနည်း သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားပို့ချသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို



ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးဌေးလင်းက သင်ကြားပေးမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အခြေခံသတင်းရေးသားနည်း၊ သတင်းရယူရိုက်ကူးခြင်းနှင့် သတင်းဓာတ်ပုံရိုက်ကူးနည်း၊ သတင်းအရင်းအမြစ်များ၊ သတင်းတည်းဖြတ်ခြင်း၊ ဆောင်ရန်၊ ရှောင်ရန်များ၊ သတင်းမီဒီယာကျင့်ဝတ်များ၊ သတင်းမီဒီယာနည်းဥပဒေများနှင့် စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်များ၊ သတင်းမီဒီယာသမားများလိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များကိုပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၂၇ ရက်မှ ၃၁ ရက်အထိ စာတွေ့၊ လက်တွေ့ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ထားဝယ် မေ ၂၇**

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး၊ မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာကျောင်းပေါင်းစုံမှ(အထက်တန်းနှင့် အလယ်တန်း)အဆင့် ကျောင်းသား ကျောင်းသူများ၏ ဝင်ရောက်ဖြေဆိုနေမှုကို တိုင်းဒေသကြီး



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

တနင်္သာရီတိုင်း ဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်များတွင် "သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး၊ မြေယာ ပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၉ ဦး နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၇ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ထိုင်းဘဏ် ဘဏ်ခွဲများ၊ လက်အောက်ခံဘဏ်မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၇

မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား နိုင်ငံခြားငွေဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် မြန်မာလုပ်သားများ၏ လွှဲပို့ငွေများ တရားဝင်လမ်းကြောင်းမှ လွှဲပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သောအဖွဲ့နှင့် Siam Commercial Bank၊ Bangkok Bank၊ Kasikorn Bank၊ Krung Thai Bank တို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်မှုရှိစေရန် မူဝါဒများချမှတ်၍ ထိန်းကျောင်းလျက်ရှိသည့်အခြေအနေ၊ တရားမဝင်ဟွန်ဒီများကို အသုံးပြုခြင်းအစား တရားဝင်လမ်းကြောင်းမှ ငွေလွှဲပြောင်းမှုများ တိုးတက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုပိုင်းတွင် မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် ဟွန်ဒီဆောင်ရွက်နေမှုများအပေါ် ထိုင်းဘဏ်များ အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကုန်သွယ်ရေးပိုင်းတွင် ထိုင်း-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးစေရေးအတွက် ငွေကြေးထောက်ပံ့ခြင်း (Pre-shipment Export Financing/ Post- shipment Export Financing) များ ဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ မြန်မာ လုပ်သားများ၏ လွှဲပို့ငွေများအပိုင်းတွင် ထိုင်းနိုင်ငံရှိ ပြည်ပရောက်မြန်မာလုပ်သားများ၏ လုပ်ခလစာ လွှဲပို့ငွေများကို ပြည်တွင်း၌ မိသားစုများထံသို့ အဆင်ပြေချောမွေ့စွာရောက်ရှိစေနိုင်ရေး ဘဏ်များက ဝိုင်းဝန်းဆောင်ရွက်ပေးရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံခြားငွေလွှဲပြောင်းပေးချေမှုများကို အဆင်ပြေချောမွေ့စေရေး ပံ့ပိုးပေးနိုင်ရန်ကိစ္စရပ်များနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် Siam Commercial Bank၊ Bangkok Bank၊ Kasikorn Bank၊ Krung Thai Bank များမှ အမှုဆောင်အရာရှိချုပ်များနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ပြန်လည်ဆွေးနွေးကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရုပ်သိမ်းခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ Siam Commercial Bank၊ Bangkok Bank ၊ Kasikorn Bank၊ Krung Thai Bank တို့မှ အမှုဆောင်အရာရှိချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## တရားဝင် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများအား Facebook Page များနှင့် အင်တာနက်စာမျက်နှာများမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်း ဆောင်ရွက်သူများအား ထပ်မံအရေးယူဆောင်ရွက်ခြင်း

၁။ အောက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသော နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိ ကိုင်ဆောင်ထားခြင်းမရှိဘဲ နိုင်ငံခြားငွေများအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဆိုပါအဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်ရောင်းဝယ်နေသူများအား အရေးယူဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပြည်ပမှ အဝယ်/အရောင်းဆောင်ရွက်နေသည့် Page များ၊ ဖုန်းနံပါတ်များကို သက်ဆိုင်ရာဗဟိုဘဏ်များသို့ အကြောင်းကြား၍ အရေးယူဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါသည်။

(က) ငွေဈေးနှုန်းနှင့်ငွေလွှဲဆိုင်
(ခ) Moe Latt
(ဂ) Si Thu & bro များ
(ဃ) ရန်ကုန်ငွေဈေး
(င) ဒေါ်လာဝယ်ရောင်းတိုက်ရိုက် USD Exchange
(စ) ဒေါ်လာရောင်းဝယ်
(ဆ) December Snow
(ဇ) June Lin Htet Naing
(ဈ) Htet Yan Money Exchange
(ည) Global Value Services-GVS Money Exchange and Transfer
(ဋ) Boss Online Money Exchange Services (Family Money Exchange)
(ဌ) Lucky Sky Gold Smith (Facebook Page)
(ဍ) Nay Myo Htet (Facebook Page)
(ဎ) Gold Market Myanmar (Facebook Page)
(ဏ) Ye Mon
(တ) Naing Lu

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့သော အဖွဲ့အစည်းများအား ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း စောင့်ကြည့်အရေးယူသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းများကိုလည်း ပြည်သူလူထုသိရှိရန် ကြေညာထုတ်ပြန်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် တရားဝင်လိုင်စင်ထုတ်ပေးထားပြီး နိုင်ငံခြားငွေများ လဲလှယ်ရောင်းချခွင့်ရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၌သာ လဲလှယ်ရောင်းချဝယ်ယူသွားရန် ထပ်မံအသိပေးအပ်ပါသည်။

၄။ အထက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် တရားမဝင် နိုင်ငံခြားငွေများ ရောင်းဝယ်၍ငွေဈေးကစားနေသူများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ တို့အပြင် အများပြည်သူအကျိုးကိုထိခိုက်စေသည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြင့်ပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
၂၆-၅-၂၀၂၄



## ဘီးလင်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဘီးလင်း မေ ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ဘီးလင်းမြို့နယ် မုသင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဘီးလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်မွန်က ပျိုးပင်များကို ဘီးလင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ဘီးလင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရွာသူရွာသားများက မန်ကျည်းပင် ၂၇၀၊ မဟော်ဂနီ ၂၇၀ စုစုပေါင်းအပင် ၅၄၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၀) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၇

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ တက္ကသိုလ် ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့် မိန့်ခွန်းပြောကြားပြီး သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၀)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၈၈ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၂၇ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ တက်ရောက်ရမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၅၉၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၄ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၇-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၉-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၅၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၄) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စာမျိုးစုံလင် ဖတ်စေချင်

## စာဖတ်ပရိသတ်တစ်ဦး

(၃၅) ကြိမ်မြောက် မွန်ဂိုလီးယားအမျိုးသား စာအုပ်ပွဲတော်ကို "စာများများဖတ်ကြစို့- Let's Read More" ဟူသော ဆောင်ပုဒ်ဖြင့် မေလ ၁၈ ရက်နေ့က ကျင်းပခဲ့ကြောင်း နိုင်ငံတကာသတင်း တစ်ပုဒ်ကို ဖတ်ရှုရပါသည်။

**စာပေဖတ်ရှုလေ့လာခြင်း**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သုံးရက်တာ ကျင်းပသည့် အဆိုပါစာအုပ်ပွဲတော်ကို ကလေးသူငယ်များနှင့် လူငယ်များအား စာများများဖတ်ရန်နှင့် စာပေဖတ်ရှုလေ့လာခြင်းကို ဝါသနာပါလာအောင် လှုံ့ဆော်ပေးရန်ရည်ရွယ်သည်ဟု ဆိုသည်။ သတင်းနှင့်အတူ သတင်းဓာတ်ပုံတွင်လည်း ရောင်စုံပုံလေးများခြယ်သထားသော စာအုပ်လေးများကို ကလေးငယ်နှစ်ဦး စိတ်ပါဝင်စားစွာ ဖတ်ရှုနေဟန် ဖော်ပြထားသည်။

စိတ်အလျဉ်သည် အတိတ်တစ်ခွင်ဆီသို့ ပြန်လည်ရောက်ရှိသွားသည်။ မူလတန်းကျောင်းသားအရွယ်ကလေးငယ်တစ်ဦးသည် ဖခင်အလုပ်က အပြန်လမ်းကို ခေါင်းတမော့မော့နှင့် မျှော်ကြည့်နေသည်။ သည်နေ့ကား သောကြာနေ့။ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်ထွက်ရက်ဖြစ်သည်။

"အဖေပြန်လာပြီ။ ရွှေသွေးဂျာနယ်ပါလား"

"အေး.. ပါတယ်ကွ"

ကလေးငယ်မှာ သူမှာသည့် ရွှေသွေးဂျာနယ်ပါလာသည့်အတွက် အတော်ပျော်မြူးသွားသည်။ ရွှေသွေးဂျာနယ်ကို အငမ်းမရ ထိုင်ဖတ်နေသော သားဖြစ်သူအား အဖေက ပီတိဖြာသော အပြုံးဖြင့် ကြည့်နေသည်။

အဖေ့၏ဇာတ်ကြီးဆယ်ဘွဲ့၊ မိုးကုတ်ဆရာတော်ကြီး၏ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်စသော ဓမ္မစာပေများ၊ Reader's Digest၊ National Geographic၊ Newsweek၊ TIME မဂ္ဂဇင်းများကို ကျွန်တော် ပြန်လည်အမှတ်ရလာသည်။ National Geographic မဂ္ဂဇင်းမှ ဇီဝမျိုးကွဲတိရစ္ဆာန်များ၊ ကမ္ဘာ့ပထဝီဝင်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ကျွန်တော်ငယ်စဉ်က မကြာခဏ လှန်လှောကြည့်နေ၍များလားမသိ၊ အဖေက ထို့နောက်ပိုင်းတွင် ကျွန်တော်ဖတ်ရှုရန် ရွှေသွေး၊ တေဇဂျာနယ်များကို အပတ်စဉ်ဝယ်ပေးခဲ့ပါသည်။

သို့ဖြင့် ဆရာဂယက်နီ၊ ဆရာမြေရိုင်းတို့၏ ကလေးလူစွမ်းကောင်းဇာတ်လမ်းများ၊ ပန်းချီဦးဘကြည်၊ ပန်းချီသန်းကြွယ်၊ ပန်းချီဦးစိန် စသော ပန်းချီပညာရှင်ဆရာကြီးများ၏ လက်ရာများပါဝင်သော ရွှေသွေးဂျာနယ်ကို ကျွန်တော်အစွဲလမ်းကြီးစွဲလမ်းသွားခဲ့သည်။ တစ်ခါတစ်ရံ အဖေအလုပ်မအား၍ မဝယ်ဖြစ်ခဲ့ပါက နေမထိထိုင်မသာ ဟာတာတာ ဖြစ်ရပါသည်။

ဆရာကြီး သခင်အောင်ဖေက **"စာဖတ်ဝါသနာထုံသောသူသည် စာမဖတ်ရလျှင် မပြောတတ်သော ဝေဒနာတစ်မျိုးခံစားရ၏။ ရေဆာနေသောသူ၊ ထမင်းဆာနေသောသူများနှင့် တူသယောင်ယောင်ကားရှိ၏။ ပုံသေကားကျတူခြင်း မဟုတ်ပေ။ ရေဆာသူ၊ ထမင်းဆာသူများမှာ ရုပ်အာဟာရဆာသူများဖြစ်ပြီး စာဖတ်ချင်လျက် စာမဖတ်ရသည်မှာ စိတ်အာဟာရဆာသူဖြစ်ရာ ရုပ်အာဟာရဆာသူထက် စိတ်အာဟာရဆာသူက ခံစားမှုဝေဒနာပိုကြီးသည်ဟုယူဆသည်"**ဟု ဆိုသည်။

**စာမှပေးသော အသိဉာဏ်အလင်းရောင်**

တစ်ဆက်တည်းမှာပင် **"ကျွန်တော့်အဖို့ စာဖတ်ရတာလောက် အခြားဘယ်အရာကိစ္စမှ ရွှင်လန်းပျော်မွေ့ခြင်းမရှိပေ။ စာဖတ်ရခြင်းသည် တစ်နည်းမဟုတ်တစ်နည်း ဗဟုသုတရသည်။ ကျွန်တော့်အိပ်ရာဘေးရှိ စားပွဲပေါ်၌ စာအုပ်မျိုးစုံရှိနေတတ်သည်။ နိုင်ငံရေးသမားတုန်းက နိုင်ငံရေးစာအုပ်မျိုးစုံရှိပြီး အားအားရှိ နိုင်ငံရေးစာအုပ်ကို ဖတ်သည်။ နိုင်ငံရေးတာဝန်မရှိသောအခါ ဘာသာရေးကျမ်းများနှင့် ရာဇဝင်ကျမ်းများ အတ္ထုပ္ပတ္တိများကို အလှည့်သင့်ရာဖတ်သည်။ စာမှပေးသော အသိဉာဏ်အလင်းရောင်သည် စင်ကြယ်လှသည်။ မွန်မြတ်လှသည်။ ကြည်လင်ပြတ်သားလှသည်။ ဒါကြောင့်ပင် စာပေပညာရှင်များကို ဦးခိုက်မိသည်။ ကြည်ညိုမိသည်။ မြတ်နိုးမိသည်"**ဟူ၍ ဆရာကြီးက "သခင်အောင်ဖေ၏ သခင်အောင်ဖေ" ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ရေးသားခဲ့ပါသည်။

ကလေးသူငယ်များ စာပေဖတ်ရှုလေ့လာခြင်းကို ဝါသနာပါအောင်လှုံ့ဆော်ပေးရာ၌ လက်ဦးဆရာမည်သော ပုပ္ပစရိယ မိနှင့်ဖတို့အပြင် ကလေးနှင့်လျော်သော ဗဟုသုတအတွေးအခေါ်များကို ဖတ်ချင်စဖွယ်ဖြစ်အောင် ဖန်တီးပုံဖော်ပေးသည့် ကလေးစာပေပညာရှင်များ၏ အခန်းကဏ္ဍမှာ များစွာအရေးပါလှသည်ဟု ဆိုရပေမည်။

ကျွန်တော်သည်လည်း အဖေ့၏ လှုံ့ဆော်လမ်းပြပေးမှုကြောင့်ပင် စာပေဖတ်ရှုလေ့လာခြင်းကို ဝါသနာထုံလာသည်။ ရွှေသွေး၊ တေဇဂျာနယ်များအပြင် စာမျိုးစုံလင် ဖတ်ချင်လာသည်။ နောက်ပိုင်းတွင် အဖေ့၏ဇာတ်ကြီးဆယ်ဘွဲ့၊ မိုးကုတ်ဆရာတော်ကြီး၏ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်စသည့် ဓမ္မစာပေများပါမကျန် စာမြင်လျှင်မဖတ်ရ မနေနိုင်အောင် လက်လှမ်းမီသမျှစာအုပ်မျိုးစုံကို ဖတ်ရှုတတ်လာသည်။

**ဆင်ခြင်စရာ၊ နှိုင်းစာစရာ**

ဆရာကြီး လူထုဦးလှက **"အပျင်းဖြေဖတ်၊ အပျော်ဖတ်စာများ၌ပင် လူမှုရေး၊ လောကရေး ဆင်ခြင်စရာ၊ နှိုင်းစာစရာ၊ သိစရာမှတ်စရာတွေ အများကြီးပါတတ်သည်။ နှစ်ပေါင်းလပေါင်းများစွာ လူအပေါင်းတို့ တွေ့ကြုံခံစားခဲ့ရသည်များ၊ ရှာဖွေတွေ့ရှိရခြင်းများကို စုစုဆောင်းဆောင်း စုပေါင်းရိုက်နှိပ်ထားသည့် စာအုပ်များမှာကား အဖိုးဖြတ်၍ မရနိုင်သော ပတ္တမြားထုပ်များပင် ဖြစ်လေသည်။ မိမိအလိုရှိသလို ပညာနှင့်နီးစပ်သော စာများကို ရွေးဖတ်ပါက အချိန်ကုန်သက်သာ၍ အကျိုးပိုများသည်"** ဟူ၍ "စာဖတ်ပါ" ဆောင်းပါးတွင် ညွှန်းဆိုပြခဲ့ပါသည်။

ဆရာကြီးဇေယျကလည်း **"လောက၌စာမှန်လျှင် ကောင်းသည်ချည်းဖြစ်သည်။ မကြိုက်သောစာ၊ သဘောမပေါက်နိုင်သော စာများသာ ရှိနိုင်ပေသည်။ မကောင်းသော စာဟူ၍ မရှိနိုင်ပေ။ ဖတ်သူအပေါ် အသုံးချသူအပေါ်၌သာ တည်လေသည်။ သုံးတတ်ဖတ်တတ်လျှင် ကောင်းသည်ချည်းသာဖြစ်သည်"**ဟု "စာကောင်းပေကောင်း" ဆောင်းပါးတွင် ဖွင့်ဆိုရှင်းပြခဲ့ပါသည်။

ထို့အတူ လူငယ်များ စာများများဖတ်ရှုလေ့လာကြရန် ဆရာမောင်မြင့်ကြွယ်က **"ကမ္ဘာပေါ်၌ စာအုပ်များ ပျောက်ကွယ်သွားသောနေ့သည် အသိပညာများ ခန်းခြောက်ပျောက်ကွယ်သွားသောနေ့ဖြစ်ပါလိမ့်မည်။ စာများများဖတ်သူသည် အစစအရာရာ၌ အများတကာထက်သာလွန်သူဖြစ်မည်မှာ သေချာပါသည်။ ထို့ကြောင့် လူငယ်များကို စာများများ ဖတ်အောင် ဝိုင်းဝန်းလှုံ့ဆော်ကြစေလိုပါသည်။ တွန်းအားပေးကြစေလိုပါသည်"** ဟု တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

ဆရာစိုးသိဏ်းကလည်း **"ကမ္ဘာပေါ်တွင် အဆင့်မြင့်နည်းပညာသုံး ပစ္စည်းအသစ်အဆန်းတွေ ဘယ်လောက်ပဲ တိုးပွားလာပါစေ၊ အသိဉာဏ်ဖွံ့ဖြိုး စာရိတ္တမြင့်မားရေးအတွက် လူတွေအမြဲတမ်း စာများများဖတ်ဖို့လိုပါတယ်"**ဟု ဆိုပါသည်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

စာရေးဆရာကြီး Oilver Goldsmith ကလည်း **"စာအုပ်စာပေ လူ့မိတ်ဆွေ"** ဟူသော ဆောင်ပုဒ်အတိုင်းပင် **"ကျွန်ုပ်အဖို့ စာအုပ်ကောင်းတစ်အုပ်ကို ပထမအကြိမ်ဖတ်ရသောအခါ မိတ်ဆွေတစ်ဦး တိုးလာသကဲ့သို့ မှတ်ယူ၏။ နောက်တစ်ကြိမ်ဖတ်ရသောအခါ မိတ်ဆွေဟောင်းနှင့် ပြန်တွေ့ရသကဲ့သို့ ယူဆ၏"**ဟု တင်စားပြောဆိုခဲ့ပါသည်။

စာအုပ်စာပေ ဖတ်ရှုလေ့လာရာတွင်လည်း ပိုင်းခြားစိတ်ဖြာဝေဖန်သုံးသပ်မှု၊ စဉ်းစားဆင်ခြင်မှုများနှင့်အတူ ဖတ်ရှုလေ့လာနိုင်ရန် ကွန်ဖြူးရှပ်က **"စာဖတ်ရုံဖတ်၍ စဉ်းစားဆင်ခြင်ခြင်းမရှိလျှင် အကျိုးမများပေ။ သို့သော် စဉ်းစားဆင်ခြင်မှုကို စာမဖတ်ဘဲပြုလုပ်ခြင်းသည် ကြောက်မက်ဖွယ်ဘေးအန္တရာယ်ဖြစ်ပေသည်"**ဟု မိန့်ကြားခဲ့သည်။

ဆရာလူထုစိန်ဝင်းကလည်း **"လူလိမ်မခံချင်ရင် စာဖတ်ပါ။ စာအုပ်ဟာလူတိုင်းအတွက် အကောင်းဆုံးမိတ်ဆွေဖြစ်တယ်။ မကောင်းတဲ့ စာသာရှိတယ်။ မဖတ်သင့်တဲ့စာ ဆိုတာမရှိဘူး။ မကောင်းတဲ့စာဖတ်မိတော့လည်း ဘယ်လိုမကောင်းတာလဲ။ ဘာကြောင့် မကောင်းတာလဲဆိုတဲ့ ပညာရတယ်။ စာဖတ်ပြီးတိုင်း ပိုင်းခြားစိတ်ဖြာဝေဖန် သုံးသပ်မှုပြုရမယ်။ ဒါမှအကျိုးရှိမယ်။ ဝေဖန်သုံးသပ်မှုမပြုဘဲ ဖတ်နေလို့ကတော့ စာအုပ်တွေတစ်သောင်းနှစ်သောင်းဖတ်လည်း ဘာပညာမှရလိုက်မှာ မဟုတ်ဘူး"**ဟုဆိုပါသည်။

တစ်ဆက်တည်းမှာပင် ဆရာလူထုစိန်ဝင်းက စာဖတ်သူနှင့် စာမဖတ်သူတို့ ကွာခြားမှုနှင့်ပတ်သက်၍ **"စာဖတ်တဲ့လူဟာ စာမဖတ်တဲ့လူထက် ဘယ်နေရာရောက်ရောက် ဘာလုပ်လုပ် နှာတစ်ဖျားတော့သာပါတယ်"**ဟု နှိုင်းယှဉ်ပြခဲ့ပါသည်။

ဆရာကြီးရွှေဥဒေါင်းကလည်း **"ယေဘုယျအားဖြင့် ပြောရသော် 'ဟောင်ဖွာ ဟောင်ဖွာ' ပြောတတ်သူသည် စာမဖတ်သူများဖြစ်သည်ကို တွေ့ရ၏။ ဘာစာမှမဖတ်သော လူတစ်ယောက်သည် သေးငယ်သော အရေးအရာကို ရောမကိစ္စကြီးအနေဖြင့် မြင်တတ်၍ တအံ့တသြပြောခြင်းမျိုးကို ကြုံရဖူးသည်"** ဟု **"တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ"** စာအုပ်တွင် ရေးသားခဲ့ပါသည်။

သို့ဖြင့် နိုင်ငံတော်အစိုးရက **"စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"** များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့် မျက်မှောက်ကာလတွင် မိဘတိုင်းက မိမိတို့၏ ရင်သွေးငယ်များ ငယ်စဉ်ကတည်းက စာပေဖတ်ရှုလေ့လာခြင်းကို ဝါသနာပါလာစေရန် မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးရန် အကြံပြုတိုက်တွန်းလိုပါသည်။ ထို့အတူ မြန်မာလူငယ်မောင်မယ်များအနေဖြင့်လည်း စာပေဗဟုသုတ ကြွယ်ဝစေရေးအတွက် စာမျိုးစုံလင် စာများများ ဖတ်စေချင်ပါသည်။ ။



❖ **လူငယ်များ စာများများဖတ်ရှုလေ့လာကြရန် ဆရာမောင်မြင့်ကြွယ်က "ကမ္ဘာပေါ်၌ စာအုပ်များ ပျောက်ကွယ်သွားသောနေ့သည် အသိပညာများ ခန်းခြောက်ပျောက်ကွယ်သွားသောနေ့ ဖြစ်ပါလိမ့်မည်။ စာများများဖတ်သူသည် အစစအရာရာ၌ အများတကာထက် သာလွန်သူဖြစ်မည်မှာ သေချာပါသည်။ ထို့ကြောင့် လူငယ်များကို စာများများဖတ်အောင် ဝိုင်းဝန်းလှုံ့ဆော်ကြစေလိုပါသည်။ တွန်းအားပေးကြစေလိုပါသည်"ဟု တိုက်တွန်းနှိုးဆော်ခဲ့**

❖ **စာရေးဆရာကြီး Oilver Goldsmith ကလည်း "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသော ဆောင်ပုဒ်အတိုင်းပင် "ကျွန်ုပ်အဖို့ စာအုပ်ကောင်းတစ်အုပ်ကို ပထမအကြိမ်ဖတ်ရသောအခါ မိတ်ဆွေတစ်ဦး တိုးလာသကဲ့သို့ မှတ်ယူ၏။ နောက်တစ်ကြိမ်ဖတ်ရသောအခါ မိတ်ဆွေဟောင်းနှင့် ပြန်တွေ့ရသကဲ့သို့ ယူဆ၏"ဟု တင်စားပြောဆိုခဲ့**

# ဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်




နေပြည်တော် မေ ၂၇

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏အနောက်တောင်ဘက်မှ ဖြတ်ကျော်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)" သည် မြောက်- အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏ အနောက်မြောက်ဘက်သို့ ရောက်ရှိခဲ့ပြီး မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက်ခြောက်နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၂၀၂၄ ခုနှစ် ဇွန်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၂၉ ရက်မှ ဇွန် ၃ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၈ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၁ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရှစ်ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁၂ ပေမှ ၁၄ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၄ ပေမှ ၁၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လေးပေမှ ခုနစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေမှ ရှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ကိုးပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ခုနစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

## တောင်ပေါ်ဒေသမှ ထွက်ရှိလာသည့် ဗိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

မန္တလေး မေ ၂၇

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံဈေးကွက်သို့ တောင်ပေါ်ဒေသမှထွက်ရှိလာသည့် ဗိုလ်စားပဲများဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ တောင်ပေါ်နယ်ဒေသတစ်ဝိုက်တို့မှ ထွက်ရှိလာသည့် ဗိုလ်စားပဲများ နေ့စဉ် ၁၂ ဘီးကားဖြင့် အစီးရေ သုံးစီးမှ လေးစီးခန့် ပုံမှန်ဝင်ရောက်နေ ကြောင်း သိရသည်။

**အရောင်းအဝယ်ကောင်း**

"ဗိုလ်စားပဲက တောင်ပေါ်ဒေသဘက်နယ်တွေကပဲထွက်ရှိပြီး ဈေးကွက်ကို အပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာမရှိတော့ပါဘူး။ တောင်ပေါ်နယ်တွေဘက်ကပဲထွက်ပြီး ဈေးကွက်အတွင်းကို နေ့စဉ်ဝင်ရောက်နေတာကြောင့် အရောင်းအဝယ် ကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလည်း ယခင်နှစ်တွေထက်စာရင် နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းနေပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ ကြက်သွန်နီစတဲ့ သီးနှံတွေလည်း အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ဗိုလ်စားပဲများကို လက်ရှိအချိန်တွင် တောင်ပေါ်ဒေသများမှ အဓိကထား စိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ ယင်းသီးနှံသည် ရာသီအလိုက်ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်၍ ရောင်းချပေးနေကြောင်း သိရသည်။

မောင်အေးချမ်း

## နိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ရာတွင် စာရွက်စာတမ်း/အထောက်အထားများပေးပို့ရန် ကျန်သူများနှင့် နိုင်ငံကူးလက်မှတ်စာအုပ်ထုတ်ထားပြီး စာအုပ်ကြေး၊ ဒဏ်ကြေးနှင့် ဝင်ငွေခွန်ဆောင်ရန်ကျန်သူများအမည်စာရင်းအား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး ထုတ်ပြန်

ရန်ကုန် မေ ၂၇

သံရုံးကြေညာနိုင်ငံကူးလက်မှတ်သက်တမ်းတိုး လျှောက်ထားလာသူများအနက် စာရွက်စာတမ်း/ အထောက်အထားများ ပေးပို့ရန်ကျန်ရှိသည့် လျှောက်ထားသူများ၏ အမည်စာရင်းနှင့် နိုင်ငံကူးလက်မှတ်စာအုပ်ထုတ်ထားပြီး စာအုပ်ကြေး နိုင်ငံကူးလက်မှတ်ဝင်ငွေခွန်ပေးဆောင်ရန် ကျန်ရှိသူများ၏ အမည်စာရင်းအား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

မတ် ၃၁ ရက်အထိ နိုင်ငံကူးလက်မှတ်သက်တမ်းတိုး လျှောက်ထားလာသူများအနက် လိုအပ်သည့် စာရွက်စာတမ်း/ အထောက်အထားများ ပေးပို့ရန် ကျန်ရှိသည့် လျှောက်ထားသူ ၃၇၈ ဦး၏ အမည်စာရင်းနှင့် ၎င်းတို့ပေးပို့ရမည့် စာရွက်စာတမ်း/အထောက်အထားများအား မြန်မာသံရုံး တိုကျိုမြို့၏ website ဖြစ်သည့် http://www.myanmar-embassy-tokyo.net/2024/Passport/7-1.htm တွင် ထုတ်ပြန်ထားသည်။

ထို့အပြင် ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ မြန်မာသံရုံးမှ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးထားပြီး စာအုပ်ကြေး/ ဒဏ်ကြေး/ဝင်ငွေခွန် ပေးဆောင်ရန် ကျန်ရှိသည့် လျှောက်ထားသူ ၃၅၃ ဦး၏ အမည်စာရင်းအား မြန်မာသံရုံး တိုကျိုမြို့၏ website ဖြစ်သည့် http://www.myanmar-embassy-tokyo.net/2024/Passpotr/7.2htm တွင် ထုတ်ပြန်ထားသည်။

အဆိုပါ အမည်စာရင်းတွင် ပါဝင်သူများအနေဖြင့် လိုအပ်သည့် စာရွက်စာတမ်း/ အထောက်အထားများအား မြန်မာသံရုံးသို့ လူကိုယ်တိုင်/စာတိုက်မှ တစ်ဆင့်/ ကောင်စစ်ဝန်ဌာနခွဲ အီးမေးလ် consularsection@myanmar-embassy-tokyo.net သို့လည်းကောင်း ဆက်သွယ်ပေးပို့ပေးရန် အကြောင်းကြားထားသည်။

လိုအပ်သည့် စာရွက်စာတမ်း/ အထောက်အထားများအား သံရုံးသို့ပေးပို့ရာတွင်လည်း လျှောက်ထားသူ၏ အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ်၊ သံရုံးသို့ စာရွက်စာတမ်းများ စတင်ပေးပို့ခဲ့သည့် နေ့ရက်၊ နောက်ဆက်တွဲဇယားပါ အမှတ်စဉ်များအားဖော်ပြ၍ ပေးပို့ပေးပါရန် အကြောင်းကြားအပ်သည်ဟုပါရှိသည်။ MT

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

**နေပြည်တော် မေ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ များ ပေးအပ်ခြင်းကို ယနေ့နံနက် ပိုင်းတွင်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော် ဆန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ သည်။



ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၁၃၉၀ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ များ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**ကျိုင်းတုံ မေ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှု ဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကို မေ ၂၇ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ်များရှိ ရပ်ကွက်/ကျေးရွာများအတွင်း ကျန်းမာရေး ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများပူးပေါင်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ်များမှ ရပ်ကွက်/ကျေးရွာများရှိ နေအိမ် များတွင် ပန်းအိုးများ၊ ရေသိုလှောင် ကန်များ၊ ရေဝင်ရောက်နိုင်သည့် ပစ္စည်းများအတွင်း ဖုံး၊ သွန်၊ လဲ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ် ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး များ ကွင်းဆင်းဆောင်ရွက်ပြီး ပြည်သူများအား ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

❖

# သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေးခေါင်းစဉ်ဖြင့် ဆွေးနွေး

**သထုံ မေ ၂၇**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့ကို ကြိုဆိုသောအားဖြင့် သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှား ဒဏ်ခံနိုင်ရေး မြေယာပြန်လည် ပြုပြင်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်လှလှဌေးက အသိ ပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းအောင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့ ပေါ်ပေါက်လာရသည့် သမိုင်း ကြောင်းများ၊ ယခုနှစ်အတွက် ဆောင်ပုဒ်ဖြစ်သည့် “သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှား ဒဏ်ခံနိုင်ရေး မြေယာပြန်လည် ပြုပြင်ပေး”၏ အဓိပ္ပာယ်နှင့် အကြောင်းအရင်းများ၊ မြေယာ ပျက်စီးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၊ သစ်တောသစ်ပင် များပြုန်းတီးမှုကြောင့် သဲကန္တာရ များဖြစ်ထွန်းလာမှုနှင့် မိုးခေါင် ရေရှားမှုများကြောင့် သက်ရှိတို့ အပေါ် ဖြစ်ပေါ်နေသည့် ခြိမ်းခြောက်မှုများ၊ သစ်တော သစ်ပင်များစိမ်းလန်းစိုပြည်ရေး၊ မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေးနှင့် သဲကန္တာရ တိုက်ဖျက်ရေးတို့ အတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည့် မြေယာ ပြန်လည်ပြုပြင်ရေးနည်းလမ်းများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ ကြသည်။ **ခရိုင်(ပြန်/ဆက်)**




## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာ တို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ် တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံ မှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြား ဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင် ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန် နှင့် တားဆီးရန် စီမံဆောင်ရွက် ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



# တနင်္သာရီမြို့နယ်၌ ရပ်ကွက် / ကျေးရွာပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တနင်္သာရီ မေ ၂၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အားကစားကဏ္ဍ ဖွံ့ဖြိုးမှုအစီအစဉ်အရ ၂၀၂၄ ခုနှစ် မြို့နယ်အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အသက် ၂၀ အောက် ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၅ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အုပ်စု(က)မှ ချောင်းကြီးရပ်ကွက်အသင်းနှင့် အုပ်စု(ခ)မှ ရွှေလိပ်ပြာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချောင်းကြီး ရပ်ကွက်အသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရ သည်။

အဆိုပါ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တနင်္သာရီမြို့နယ် အမှတ်(၂) စစ်နယ်မြေမှူး ဗိုလ်မှူးကြီး မျိုးမင်းသူ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ရပ်ကွက်အတွင်းရှိ အားကစားဝါသနာရှင်များက အားပေးကြည့်ရှုခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် ချောင်းကြီးရပ်ကွက်အသင်းမှ အားကစားသမား တစ်ဦးချင်းစီကို ဆုတံဆိပ်များနှင့် ငွေသားဆု၊ တံခွန်စိုက်ဒိုင်းဆုတို့ကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးကျော်သက်ထူးက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# ပြည်ခရိုင်မီးသတ်ဦးစီးဌာန၌ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသင့်ထားရှိမှုနှင့် စုဖွဲ့လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

**ပြည် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ရှာဖွေ ကယ်ဆယ်ရေးပစ္စည်းများ အသင့်ထားရှိမှုအခြေအနေနှင့် ခရိုင်နှင့် မြို့နယ် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ စုဖွဲ့လေ့ကျင့်နေမှုကို မေ ၂၆ ရက်က တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက မုတ်သုံ ရာသီ ရောက်ရှိလာပြီဖြစ်၍ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွား ပေါ်ပေါက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း သုံးပစ္စည်းများ အရန်သင့်ထားရှိမှုနှင့် တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်နေမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူနှင့်တပ်ဖွဲ့ဝင်များကို လိုအပ် သည်များဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုစိုး(ပြည်)**

# ဂါဇာဒေသတောင်ပိုင်းရှိ ဆေးရုံများတွင် လောင်စာဆီပြတ်လပ် လူနာများအား ကုသရေးအတွက် အခက်အခဲကြုံတွေ့နေရ

**ဂျေရုဆလင် မေ ၂၇**

ဂါဇာဒေသတောင်ပိုင်းရှိ ဆေးရုံများတွင် လောင်စာဆီပြတ်လပ်မှုကြောင့် လူနာများအား ကုသရေးအတွက် အခက်အခဲကြုံတွေ့နေရပြီး လူနာများ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်သည့် အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ဂါဇာဒေသအတွင်း နယ်စပ်ဖြတ်ကျော်စခန်းများ ပိတ်ထားမှုကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ မဝင်ရောက်နိုင်ဘဲ လောင်စာဆီပြတ်လပ်နေသည်။ ခန်းယူနွတ်ဒေသရှိနေဆာဆေးရုံတွင် လောင်စာဆီပြတ်လပ်မှုကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူနေသည့် ကလေးများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုမပေးနိုင်ဘဲ အသက်အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဆေးရုံအား ဟားမတ်စ်အဖွဲ့ဝင်များ ခိုအောင်းနေသည်ဆိုသည့်အကြောင်းပြချက်ဖြင့် အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်ခဲ့သည်။ ဂါဇာဒေသတွင် လျှပ်စစ်မီးမရရှိသဖြင့် အောက်ဆီဂျင်ပေးသည့် စက်ကိရိယာများ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် လူနာရှစ်ဦးသေဆုံးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၆၀၀၀ ကျော်ရှိ

**ဂျေရုဆလင် မေ ၂၇**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၆၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။



**သေဆုံးသူ ၃၆၀၅၀ ဦး**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၆၆ ဦး သေဆုံးကာ ၃၈၃ ဦး ဒဏ်ရာရခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၃၆၀၅၀ နှင့် ပါလက်စတိုင်း–အစ္စရေးပဋိပက္ခဖြစ်ပွားသည့် ၂၀၂၃ ခုနှစ်အောက်တိုဘာလမှစပြီး ထိခိုက်ဒဏ်ရာရသူပေါင်း ၈၁၀၂၆ ဦး ရှိကြောင်း သိရသည်။

မေ ၂၆ ရက်တွင် အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း ဒုက္ခသည် တစ်သန်းကျော် ခိုလှုံနေကြသည့် ရာဖာမြို့၌ မြေပြင်ထိုးစစ်ဆင်ခဲ့ရာ ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ၄၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဟားမတ်စ် အကြီးတန်းအရာရှိနှစ်ဦးကို ဖမ်းဆီးရန် ဒုက္ခသည်များနေထိုင်လျက်ရှိသည့် ယာယီတဲများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့ပြီး အဆိုပါဖြစ်ရပ်ကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးလေယာဉ်နှင့် ဒရုန်းများသည် ဟားမတ်စ်အဖွဲ့၏လက်နက်သိုလှောင်ရုံများနှင့် အဆောက်အအုံများအပါအဝင် ဂါဇာရှိ ပစ်မှတ် ၇၅ ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပါပူဝါနယူးဂီနီတွင်ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း လူ ၂၀၀၀ ခန့် ပိတ်မိနေ

**ပို့စ်မော်စဘီ မေ ၂၇**

ပါပူဝါနယူးဂီနီတွင်ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း လူ ၂၀၀၀ ခန့် အသက်ရှင်လျက်အပျက်အစီးများကြားတွင် ပိတ်မိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ခေတ်မီသည့် ကယ်ဆယ်ရေးကိရိယာများ နည်းပါးခြင်းကြောင့် အပျက်အစီးများထဲတွင် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရန် ခက်ခဲကြောင်း သိရသည်။ မိမိ၏ မိသားစုဝင် ၁၈ ဦးအပျက်အစီးများကြားတွင် ပိတ်မိနေပြီး အခြားသူအများအပြားမှာလည်း အပျက်အစီးများကြားတွင် ပိတ်မိနေကြောင်း ဒေသခံအီဗစ်ကန်ဗူက ပြောကြားသည်။

လက်ရှိအချိန်တွင် အပျက်အစီးများအောက်ရှိ ရုပ်အလောင်းများကို ရှာဖွေရန်ခက်ခဲနေသဖြင့် အစိုးရအား အကူအညီတောင်းခံထားကြောင်း ဒေသခံအစ်ဂနစ်က မှတ်ချက်ပြုပြောကြားသည်။

ကယ်ဆယ်ရေးလုပ်သားများက စုံတွဲတစ်တွဲကို ကျောက်တုံးများအောက်မှ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဘီဘီစီ**
**ဘာသာပြန် – စိုးသူရ**



# လုပ်ငန်းခွင်အတွင်း လုပ်သားများအတွက် အပူဒဏ်ကာကွယ်ရေး စီမံဆောင်ရွက်ပေးရန် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြား

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံရှိ လုပ်ငန်းခွင်အတွင်း လုပ်သားများအတွက် အပူဒဏ်ကာကွယ်ရေး စီမံဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံတစ်ဝန်း ဒေသများတွင် အပူလှိုင်းကျရောက်မှုများ ရှိလာသဖြင့် ယခုညွှန်ကြားချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။ လုပ်သားများအား အပူဒဏ်မှ ကာကွယ်ရေးအတွက် ရေလုံလောက်စွာ သောက်သုံးနိုင်ရေး စီမံဆောင်ရွက်ပေးရန်နှင့် ရာသီဥတုအေးမြသည့် အချိန်တွင်သာ ပြင်ပတွင် လုပ်ငန်းများဆောင်ရွက်စေရေး စီမံထားရမည်ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ညွှန်ကြားခဲ့သည်။ အိန္ဒိယအနောက်မြောက်ပိုင်းနှင့် မဒရာပရာဒေ့ရှ် ပြည်နယ် အနောက်ပိုင်းတို့တွင် ပြင်းထန်သည့် အပူလှိုင်းများ ဆက်လက် ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ရာဂျစ်စသန်ပြည်နယ် ပလိုဒီခရိုင်တွင် အပူချိန် ၄၉ ဒသမ ၈ ဒီဂရီ ဆဲစီးယပ်စ်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။



နိုင်ငံသားများအား အပူလှိုင်းများကို တိမ်းရှောင်ပြီး အေးမြသည့် နေရာတွင်သာ နေထိုင်ကြရန် မိုးလေဝသဌာနက ညွှန်ကြားခဲ့သည်။ နိုင်ငံအတွင်း ဒေသအများအပြားတွင် အပူလှိုင်းများ ဖြစ်ပွားခဲ့သဖြင့် နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အစ္စရေးတပ်ဖွဲ့က ဂါဇာတောင်ပိုင်းတွင် စစ်ဆင်ရေးများ တိုးမြှင့်ဆင်နွှဲ

**ဂျေရုဆလင် မေ ၂၇**

အစ္စရေးတပ်ဖွဲ့က ဂါဇာတောင်ပိုင်းရာဖာတွင် စစ်ဆင်ရေးများကို တိုးမြှင့်ဆင်နွှဲနေပြီး အပြန်အလှန်အားဖြင့် ဟားမတ်စ်အဖွဲ့က တဲအဗစ်မြို့ကို ဒုံးကျည်များဖြင့်တိုက်ခိုက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အစ္စရေးတပ်ဖွဲ့အား ပြီးခဲ့သည့် သီတင်းပတ်အတွင်း အပြည်ပြည်ဆိုင်ရာ ခုံသမာဓိရုံးက ရာဖာတွင်စစ်ဆင်ရေးများဆင်နွှဲနေမှုကို ရပ်တန့်ရန် ညွှန်ကြားခဲ့သည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ရာဖာတွင် အကြမ်းဖက်သမားများအား ချေမှုန်းခြင်းသာဖြစ်ပြီး စစ်ဆင်ရေးအတွင်း လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

ယမန်နေ့က ရာဖာအနောက်မြောက်ပိုင်းရှိ ဒုက္ခသည်စခန်းသို့ အစ္စရေးတပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ကလေးများနှင့် အမျိုးသမီးများအပါအဝင် ၄၆ ဦး သေဆုံးကြောင်း ဂါဇာဒေသကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား ညှိနှိုင်းဆွေးနွေးမှုများကို မေ ၂၈ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ပြန်လည်စတင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# အစ္စရေး၏ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ပြင်းထန်စွာ ရှုတ်ချကြောင်း ဥရောပသမဂ္ဂ တာဝန်ရှိသူပြောကြား

**ဘရပ်ဆဲလ် မေ ၂၇**

ဂါဇာဒေသတွင် ဒေသခံများစွာ သေဆုံးခဲ့သည့် အစ္စရေး၏တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ပြင်းထန်စွာ ရှုတ်ချကြောင်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ဂျိုးဇက်ဘော်ရယ်က ယနေ့ပြောကြားခဲ့သည်။ “ကလေးငယ်တွေ အပါအဝင် ဒါဇင်နဲ့ချီတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေကို အစ္စရေးက ရာဖာမြို့မှာ တိုက်ခိုက်ခဲ့တဲ့သတင်းကြောင့် ထိတ်လန့်တုန်လှုပ်မိပြီး ဒီကိစ္စကို အပြင်းထန်ဆုံး ရှုတ်ချပါတယ်” ဟု ဥရောပသမဂ္ဂနိုင်ငံခြားရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ် ဘော်ရယ်က ဆိုရှယ်မီဒီယာ ပလက်ဖောင်း အက်စ်မှတစ်ဆင့် မှတ်ချက်ပြုပြောကြားသည်။

တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အမိန့်နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ပါဝင်ပတ်သက်သူအားလုံးက လိုက်နာရန် ၎င်းကတိုက်တွန်းခဲ့သည်။ ပါလက်စတိုင်းဒုက္ခသည် တစ်သန်းကျော် ခိုလှုံနေကြသည့် တောင်ဘက်စွန်းမြို့ဖြစ်သည့် ရာဖာတွင် အစ္စရေးက ဗုံးကြဲတိုက်ခိုက်မှုအတွင်း ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ၄၆ ဦး သေဆုံးခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# နောင်ချိုမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၇၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဆီခဲများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၇၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဆီခဲများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ည ၁၀ နာရီတွင် ရှမ်းပြည်နယ် ရပ်စောက်- နောင်ချိုသွားကားလမ်း မကျည်းရေကျေးရွာအနီးတွင် ရပ်စောက်ဘက်မှ နောင်ချိုဘက်သို့ စိုင်းဖောင်းမောင်းနှင်ပြီး မင်းပိုင်ထူး လိုက်ပါလာသည့် Dongfeng Truck ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဖွဲ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၇၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၂၃ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၆၅ သန်းနှင့် ဘိန်းဆီခဲ ၅၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိမူးယစ်ဆေးဝါးများသယ်ဆောင်လာသည့်ယာဉ်နှင့် ရှေ့နောက်လိုက်ပါ၍ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် မျိုးမင်းထွန်းနှင့် ကျော်သက်ဦးတို့အား NISSAN AD VAN ယာဉ်နှင့်လည်းကောင်း၊ အေးကျော်(ခ)ကျော်နိုင်နှင့် ဟိန်းထက်အောင်တို့အား TOYOTA PROBOX ယာဉ်နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ တာဝန်ခံသယ်ဆောင်သူ ကိုပြည့်(ခ)ပြည့်ဖြိုးသူ(ခ)မင်းမြတ်နိုင်နှင့် မထွယ်ဆန်အိန်တို့အား မေ ၂၂ ရက် ည ၇ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် (၃၈) စီလမ်း၊ ၅၄ x ၅၅ လမ်းကြားတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၇

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာ မေ ၂၁ ရက်တွင် ချောက်မြို့ ချောက်ရေနံမြေ၌ တရားမဝင် ရေနံစိမ်းဂါလန် ၃၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေအရ လည်းကောင်း၊ ငဖဲမြို့နယ် ပဒါန်းကျေးရွာလမ်းဆုံ၌ လိုင်စင်မဲ့ Luojia 125 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် ၂ ဒသမ ၅၃၅ တန်



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

(ခန့်မှန်းတန်ဖိုးငွေ ၁၀၁၉၅၀၆ ကျပ် )ကို သစ်တောဥပဒေအရ လည်းကောင်း၊ မေ ၂၂ ရက်တွင် သရက်ခရိုင် ကံမမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၆၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၀၅၀၂၁ ကျပ် )ကို သစ်တောဥပဒေအရ လည်းကောင်း၊ မေ ၂၄ ရက်တွင် အောင်လံမြို့နယ် ဘွက်ကြီးတံတား စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Taryan Wave 110 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) နှင့် ဧရာဝတီတံတား(မကွေး) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၄၃၂၄၅၅၂၇ ကျပ်ကိုသိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၀၀၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၉၅၉၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သံဖြူဇရပ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Deedo လိမ္မော်အချိုရည်ဘူး ၃၆၀၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ တစ်လီတာပါ ဘူး ၁၂၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် TT Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၆၇၅၉၃၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၁ ရက်၊ ၂၂ ရက်၊ ၂၄ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေ ၅၉၀၀၀၄၅၇ ကျပ် ) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“စုပေါင်းကာကွယ် သဘာဝဘေးအန္တရာယ်”** ခေါင်းစဉ်ဖြင့် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အများပြည်သူပိုင် စာသင်ကျောင်းတွေကိုပါ အာဏာသုံးလုယူလာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၅-၂၀၂၄ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ‘သုတဝေဖြာမှုဝေရာပညာဘဏ်တိုက်.... စာကြည့်တိုက်’
၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ ‘အိပ်မက်လမ်းကိုဖြတ်သန်း.....ရဝေးအဒမ်း’
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ဆုတောင်းပြည့်ကြယ်တာရာစတာလ’** (အပိုင်း-၆၃)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ပျော်လင့်ခြင်းအိပ်မက်’** (အပိုင်း-၁၇)
၁၅:၃၀ Weekly MNL Review
၁၆:၃၅ ‘ရှာဖွေသုတ ပညာမျှပြတိုက်များကဏ္ဍ’ (အပိုင်း-၃)
၁၇:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၃၀ ‘eCom Reg Online Sales registration စနစ်ဆိုသည်မှာ’
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ပျော်လင့်ခြင်းအိပ်မက်’** (အပိုင်း-၁၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘တောက်ပသောနေ့ရက်များဆီသို့’** (အပိုင်း-၇)
၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **‘လျှို့ဝှက်လရောင်’** (အပိုင်း-၅)

### mitv

07:01 Evergreen Classic: Myanma Panorama and Myanma Sentiment
07:10 Robe Business in Ta Ma Ta Kaw
07:23 Chef Life: Ce'dric Davoine (French Chef)
07:47 Pwe Kauk Waterfall Resort (BE. FALLS)
08:01 News
08:26 Topics Potpourri; Hop Cultivation in Innovating Indoor Farm
08:32 Ancient Historical Kakku Pagoda
08:41 Sri Ksetra, Field of Fortune & Glory (Part-3)
09:01 Introductory Programme of Literary Award Winners (U Ye Dway)
09:24 A Trip to Gyobyu Reservoir (Part-1)
09:52 Listening Pleasure, Instrumental Music (Banjo) Yangon Thu
10:01 News
10:27 Lifestyle & Entertainment (Weekly Updates)

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ပီနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ
**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
နမ့်လျှန်ချောင်း(ဟိုပန်မြို့)
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ
**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ဝိရိယရှိသောကြက်မ(ပုံပြင်)
**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အရိုးပွရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်ရိုးရာဘဲသားဆန်ပြုတ်
**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
စီးပွားဖြစ်လာသည့် ချင်းရိုးရာအထည်လုပ်ငန်း
**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
တောင်ပေါ်ဒေသချောင်းကလေးမှ
**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ဂဝံယဉ်ကျေးမှု
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **‘ပြည်သူ့ဝန်ထမ်း’**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီကျိုသမ္မတနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၆)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၂၀ စနစ်တကျပန်တီးတီထွင်မြန်မာ့အထူးတန်းကော်ဖီလုပ်ငန်းခွင်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Planet 1
၂၂:၀၀ ၃ူ(ဇာတ်လမ်း)
၂၃:၃၀ A Complete Guide to Digging & Planting Your First Vegetable Garden: Tomatoes, Peppers & Herbs

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၆:၀၀ ဝုဏ်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ
၁၇:၀၀ အားကစားသတင်း

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်




နေပြည်တော် မေ ၂၇

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**လွှဲပြောင်းအပ်နှံ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ သုံးခွမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကရင်ပြည်နယ် မြဝတီမြို့နယ်မှ အမျိုးသားတစ်ဦး စုစုပေါင်းရှစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မင်းလှမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

မင်းလှ မေ ၂၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေများအား စတင်ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာဒေါ်အေးအေးမွှုံက ချေးငွေများထုတ်ယူရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စုမှ မိုးစပါးစိုက်ပျိုးစရိတ် အစောဆုံး အကျေပေးဆပ်နိုင်သည့် ရှမ်းကုန်းကျေးရွာအတွင်းရှိ တောင်သူ ၆၈ဦး၏ ကေပေါင်း ၄၂၉ ကေအတွက် တစ်ကေလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၄၃၅၀၀၀၀ ထုတ်ချေးပေးခဲ့သည်။

မင်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးယူမည့် တောင်သူ ၇၅၆၀ ၏ စပါးစိုက်ကေပေါင်း ၅၁၈၆၅ ကေအတွက် ငွေကျပ် ၇၇၇၉ ဒသမ ၇၅ သိန်းအား စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးရန် လျာထားကြောင်း သိရ သည်။

မြို့နယ် (ပြန်/ဆက်)

# မတ္တရာမြို့မှ ဒေသခံရွာသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တမာကုန်းကျေးရွာမှ ဒေသခံပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၆ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ၎င်းရက်တွင် တမာကုန်းကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း ဒေသခံပြည်သူများကို ဖမ်းဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# စစ်ကိုင်းမြို့ နှစ် ၇၀၀ အားကစားကွင်း၌ ရွှေမင်းဝံဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

မုံရွာ မေ ၂၇

မြန်မာ့အားကစားအဆင့်အတန်းမြင့်မားလာစေရန်၊ ဘောလုံးအားကစားအောင်မြင်ဖွံ့ဖြိုးတိုးတတ်စေရန်နှင့် မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ရွှေမင်းဝံဒိုင်း အလွတ်တန်းဖိတ်ခေါ် (ရှုံး/ထွက်) အမျိုးသားဘောလုံးပြိုင်ပွဲကို ဇွန် ၁၃ ရက်တွင် စစ်ကိုင်းမြို့ နှစ် ၇၀၀ အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချီးမြှင့်မည်**

အဆိုပါဘောလုံးပြိုင်ပွဲတွင် ပထမဆုကြေးငွေကျပ် သိန်း ၁၀၀၊ ဒုတိယ ကျပ် ၇၅ သိန်း၊ ပွဲစဉ်အလိုက် အကောင်းဆုံးဆု ကျပ်တစ်သိန်း၊ ဗိုလ်လုပွဲအကောင်းဆုံးဆု ငါးဆုအား ကျပ်နှစ်သိန်းစီ၊ ပြိုင်ပွဲဝင်အသင်းများ ထောက်ပံ့မှုအနေဖြင့် အဝေးသင်း ကျပ် ၁၀ သိန်းနှင့် အနီးသင်း ကျပ် ခုနစ်သိန်းတို့ကို ထောက်ပံ့ချီးမြှင့်သွားမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

သို့ဖြစ်ရာ ပြိုင်ပွဲဝင်လိုသည့် အသင်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း ၀၉-၂၁၃၀၁၀၉၈၊ စစ်ကိုင်းတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဖုန်း ၀၉-၂၁၁၀၁၄၃၊ ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း ၀၉-၄၀၂၅၂၄၈၈၆ သို့ ဇွန် ၁၀ ရက် နောက်ဆုံးထားကာ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ငွေဆောင်မြို့ မဒေါ့ကုန်းကျေးရွာတွင် သစ်စိမ်းမြေဩဇာ မျိုးစေ့ကြဲပက်ခြင်း အခမ်းအနားဆောင်ရွက်

ငွေဆောင် မေ ၂၇

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့အတွင်း သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ငွေဆောင်မြို့ မဒေါ့ကုန်းကျေးရွာ၌ ကျင်းပသည်။



**အသိပညာပေးဆွေးနွေး**

အဆိုပါ အခမ်းအနားတွင် ပုသိမ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ထည့်သွင်း ဒေသခံ တောင်သူများအား လယ်မြေများအတွင်း သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်း စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ အာဟာရဓာတ်ကြွယ်ဝစေ၍ ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်ခြင်း၊ မြေဆီလွှာအာဟာရဓာတ်တိုက်စားဆုံးရှုံးမှု လျော့နည်းစေခြင်း၊ ပိုးမွှားကျရောက်မှုတားဆီးပေးခြင်း၊ အသီးအထွက်နှုန်း တိုးတက်မြင့်မားစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းနှင့် စပါးအထွက်နှုန်း လျော့နည်းမှုမရှိစေရေး ကြိခင်းလျှော့ချရေး၊ ကြိခင်းပပျောက်ရေးတို့ကို အသိပညာပေး ဆွေးနွေးခဲ့သည်။

ထို့နောက် ပုသိမ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့၊ မဒေါ့ကုန်းကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများက မဒေါ့ကုန်းကျေးရွာ တောင်သူ ဦးဖိုးတာလ၏ လယ်မြေခြောက်ကေ၊ ကွင်းအမှတ်( ၆၃၇)၊ ဦးပိုင်အမှတ်(၂၄)တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်း ကြဲပက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၇

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မိုး/ဇလ

# စိုက်ပျိုးမွေးမြူထုတ်လုပ်သူတောင်သူများ ဝင်ငွေတိုးဖို့ ဈေးကွက်ချိတ်ဆက်ပေးပါစို့

ခန့်ဇော် (ကျေးလက်)

ပြီးခဲ့သည့်ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကွင်းဆင်းခရီးစဉ် သွားရောက်ရင်း ကျေးရွာအတော်များများသို့ ရောက်ဖြစ်ခဲ့သည်။ ကျေးရွာများသို့ ရောက်ရှိခိုက် တီးရင်းခေါက်ရင်း စကားစမြည်ပြောရင်းဖြင့် ယခုနှစ်တွင် ဝက်နှင့် ဆိတ်မွေးမြူသူများ အရှုံးများနေကြောင်း ကြားသိရ၍ အရှုံးပေါ်ရသည့်အကြောင်းရင်းကို လေ့လာဖြစ်ခဲ့သည်။



**ဝက်နှင့် ဆိတ် ဈေးနှုန်းများအား မြေပြင်အခြေအနေ လေ့လာခြင်း**

နေပြည်တော်တွင် အသားတိုးဝက်(CP)မျိုးသားပေါက် တစ်ကောင်လျှင် ၁ ဒသမ ၅ သိန်း ဝန်းကျင်ခန့်ရှိပြီး လေးလမွေးလျှင် ပိဿာ ၅၀/ ၆၀ ကျော်ရှိလာမည်ဟု ဆိုသည်။ လေးလအတွင်း မျိုးဖိုး၊ အစာဖိုး၊ ကာကွယ်ဆေးထိုး ကုန်ကျစရိတ်များအပါအဝင် မွေးမြူရေးကုန်ကျစရိတ်အနေဖြင့် တစ်ကောင်လျှင် ၄ ဒသမ ၅ သိန်းကျော် ကုန်ကျသည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အာဖရိက ဝက်အပြင်းဖျားရောဂါ ကျရောက်ခဲ့မှုကြောင့်လား၊ ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူရန် အကန့်အသတ်ရှိ၍လား မဆိုနိုင်... ဈေးများတွင် အသား တစ်ပိဿာ ကျပ် ၁၄၀၀၀ ခန့်ဖြင့် ရောင်းချနေသော်လည်း မွေးမြူသူများထံမှ တစ်ပိဿာ ဝယ်ဈေးမှာ ငွေကျပ် ၆၅၀၀ ဖြစ်သည်။ ပိဿာ ၅၀ တစ်ကောင်လျှင် ၃ ဒသမ ၂၅ သိန်းသာ ရရှိခြင်းကြောင့် ရှုံးကြရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ရွာကို ကွင်းဆင်းရင်း ပြည်ထောင်စုဝန်ကြီးက ဆိတ်မွေးသည့်အိမ်ကို မေးကြည့်သောအခါ ဆိတ်မွေးသူများလည်း ထိုနည်းလည်းကောင်းပင်။ အကောင်လိုက် တစ်ပိဿာလျှင် ဝယ်ဈေးမှာ ငွေကျပ် ၆၅၀၀ ကျပ်သာဖြစ်သည့်အပြင် လာဝယ်သူကို ဆိုင်ကယ်ဆီဖိုးပင်လျှင် ပြန်ပေးရတတ်သေးကြောင်း သိရသည်။ ဈေးထဲတွင်မူ ဆိတ်သားဈေးမှာ တစ်ပိဿာ ကျပ် ၂၀၀၀၀ ခန့် ရှိနေသည်။ မွေးမြူသူများ ရှုံးလျက်ရှိသော်လည်း အသားဈေးမှာမူ မကျ။ မွေးမြူသူများအဖို့မှာမူ မွေးမြူရေးကုန်ကျစရိတ်အပြင် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်ပါ ကျခံနေရသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် နေပြည်တော်တွင်မူ နေပြည်တော်စည်ပင်သာယာရေးကော်မတီက တာဝန်ရှိသူများ၊ သားသတ်ဌာနက တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ရာ ဝက်သား တစ်ပိဿာ ကျပ် ၇၅၀၀ ပေးသဖြင့် အရင်းကျေရုံတော့ ပြန်ရခဲ့သည်ဆိုရပါမည်။ ထို့အတူ ရန်ကုန်တွင်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့ဝန်ကြီး၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ချိတ်ဆက်ပေးခဲ့ရာ တစ်ပိဿာ ကျပ် ၇၅၀၀ ခန့် ရခဲ့သဖြင့် အရင်းကျေရုံတော့ဖြစ်ခဲ့သည်။ အမြတ်တော့ မရခဲ့ကြပေ။

မွေးမြူရေးဘက်တွင် အရင်းကျေရုံမျှသာ ရကြသော်ငြား စိုက်ပျိုးရေးဘက်တွင်တော့ အမြတ်ကိုယ်စီ ရရှိကြကြောင်း သိရသည့်အခါ တစ်ဖန် ဝမ်းသာမိရပြန်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန် အဓိကလိုအပ်ချက်မှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက်ရရှိရေးတို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆောင်းပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းများသည် ယင်းတို့အနက် နည်းပညာ၊ သွင်းအားစုနှင့်ဈေးကွက်ခိုင်မာရေးတို့ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်းသိရပါသည်။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော နွေစပါး၊ ပဲတီစိမ်းစိုက်ပျိုးမှု**

နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် စီမံကိန်းဆောင်ရွက်မှုပုံစံမှာ တောင်သူအစုအဖွဲ့၊ သွင်းအားစုအစုအဖွဲ့၊ ဝယ်ကြိတ်အစုအဖွဲ့များဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းစီမံခန့်ခွဲမှု၊ ကြီးကြပ်မှုများကို တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ တစ်ဧကလျှင် ဆောင်းပဲတီစိမ်းအတွက် ငွေကျပ် ၁ ဒသမ ၂ သိန်း၊ နွေစပါးအတွက် ငွေကျပ်နှစ်သိန်းနှင့်ညီမျှသည့် မြေဩဇာနှင့် ပိုးသတ်ဆေးစသော သွင်းအားစုများကို သွင်းအားစုရောင်းချသူများ အစုအဖွဲ့က တောင်သူများထံ ဖြန့်ဖြူးပေးပြီး သီးနှံပေါ်ချိန်တွင် ဝယ်ယူကြိတ်ခွဲတင်ပို့သူများ အစုအဖွဲ့ထံ အဆိုပါငွေတန်ဖိုးနှင့်ညီမျှသော သီးနှံများကို တောင်သူအစုအဖွဲ့က ပြန်လည်ပေးဆပ်ရသည့်နည်းလမ်းဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် တောင်သူများအနေဖြင့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့် ကျေးရွာအရောက် လွယ်ကူစွာ ရရှိခြင်း၊ တစ်ဧကအထွက်နှုန်းများ ပိုမိုထွက်ရှိလာခြင်း၊ သီးနှံရိတ်သိမ်းသည့်အချိန်တွင်မှ သွင်းအားစုတန်ဖိုးနှင့်ညီမျှသော သီးနှံများကို ဒေသပေါက်ဈေးနှင့်အညီ ပေးသွင်းရခြင်းဖြစ်၍ တောင်သူများ စီးပွားရေးအရ တွက်ခြေကိုက်ခြင်း၊ ဝင်ငွေတိုးတက်ရရှိခြင်းတို့အပြင် တောင်သူ၊ သွင်းအားစု အစုအဖွဲ့နှင့် ဝယ်ယူကြိတ်ခွဲအစုအဖွဲ့များ အပြန်အလှန် အကျိုးဖြစ်ထွန်း၍ နိုင်ငံ့စီးပွားမြင့်တက်စေခြင်း၊ အတိုးမဲ့ချေးငွေဖြစ်၍ ချေးငွေအပြည့်အဝရရှိခြင်း၊ အတိုးမဲ့သွင်းအားစုများရရှိခြင်း စသောအကျိုးကျေးဇူးများ ရရှိသည်ကို တွေ့ရပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် စိုက်ပျိုးမွေးမြူရေး စီမံကိန်းစိစစ်သုံးသပ်ရေးအဖွဲ့က တင်ပြခဲ့သည့် စစ်တမ်းအရ ဆောင်းပဲတီစိမ်းအတွက် ငွေကျပ် ၄၀ ဒသမ ၃၀ ဘီလီယံ ထုတ်ချေးခဲ့ရာ ငွေကျပ် ၄၀ ဒသမ ၆၉၈ ဘီလီယံ ပြန်လည်ရရှိခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက်လည်း ဝန်ဆောင်ခ ၁ ရာခိုင်နှုန်း ကျပ် သုည ဒသမ ၃၉၈ ဘီလီယံ အကျိုးအမြတ် ပြန်လည်ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၂၀၂၃ စိုက်/ရိတ်/နှုန်း စစ်တမ်းအရ နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နွေစပါး စိုက်ပျိုးထုတ်လုပ်မှုတွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တစ်ဧကအထွက်နှုန်း ၆ ဒသမ ၅၈ တင်း ပိုမိုထွက်ရှိလာကြောင်း သိရှိရသည်။ တိုးတက်မှုပြယုဂ်တချို့ကို တွေ့မြင်ရသည့်အတွက် ယခင်နှစ်တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းများရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်မိပါသည်။ ၂၀၂၄ ခုနှစ် စပါးပေါ်ချိန်မှစ၍ ဈေးကောင်းရသည်ကို တွေ့ရှိရပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှလည်း မိုးစပါး၊ နွေစပါးအတွက် သွင်းအားစုများကို ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါသည်။

ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး အခန်းကဏ္ဍမှပါဝင်သည်ဖြစ်ရာ ရောက်လေရာရာ ကျေးရွာများ၌ စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းမှု၊ ရောင်းဝယ်ဖောက်ကားမှု ဈေးကွက်အခြေအနေ၊ စိုက်ပျိုးသီးနှံ စသည်တို့ကို တစေ့တစောင်း အကဲခတ်လေ့လာမိရသည်မှာ အလေ့အကျင့်တစ်ခုလိုပင် ဖြစ်နေခဲ့ပြီ။ ဘယ်ရွာရောက်ရောက် မေးမိမြန်းမိ စူးစမ်းမိမြဲ။ သိရပြီဆိုတော့လည်း တစ်ဆင့်တက်၍ ဝင်ငွေတိုးအောင် ဘယ်လိုပံ့ပိုးပေးနိုင်မလဲ ဆက်စပ်တွေးတောကာ ဈေးကွက်ချိတ်ဆက်ပေးရန် လိုအပ်ပါက ချိတ်ဆက်ပေးနိုင်ဖို့ ကြိုးစားရပြန်သည်။

လေ့လာရင်း စူးစမ်းရင်းမှ သတိထားမိလာသည်က ငွေဖြစ်လွယ်သောသီးနှံ (Cash Crop) များဖြစ်သည့် စားဖိုဆောင်သုံးသီးနှံ ဟင်းသီးဟင်းရွက်၊ ရာသီပေါ်သီးနှံများ စိုက်ပျိုးမှုနှင့် ၎င်းတို့၏ ဈေးကွက်အကြောင်း ဖြစ်သည်။

**ငွေဖြစ်လွယ်သော သီးနှံ (Cash Crop)**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ဝဲကြီးကျေးရွာသို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ကွင်းဆင်းသွားဖြစ်ခိုက် ကျေးရွာရှိ တောင်သူများက ၎င်းတို့စိုက်ပျိုးသည့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်များကို ရွာတွင်လာကောက်သည့် ဈေးမှာ ကျပ် ၆၀၀ နှုန်း ဖြစ်သော်လည်း ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် ရောင်းဈေးမှာ ကျပ် ၈၅၀ နှုန်းရှိပါကြောင်း၊ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် ရောင်းချနိုင်အောင် ချိတ်ဆက်ပေးစေလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးထံ တင်ပြကြသည်။ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့်ချိတ်ဆက်၍ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် ဆိုင်ခန်းနေရာရရှိရေး ညှိနှိုင်းပေးခဲ့ရာ ဈေးတွင်ပျံကျကွက် ၂၀ ရရှိခဲ့ပြီး လယ်ဝေးမြို့နယ် ကျေးရွာ လေးရွာမှ တောင်သူများ ဈေး၌ တိုက်ရိုက်ရောင်းချခွင့်ရရှိခဲ့သည်။

ပန်းဂေါ်ဖီတစ်ထုပ်လျှင် ကျပ် ၈၅၀ နှုန်းဖြင့် ရောင်းခွင့်ရ၍ ယခင်က ရွာတွင် ရောင်းချခဲ့ရခြင်းထက် ကျပ် ၂၅၀ အမြတ်ပို၍ရရှိခဲ့ပြီး သယ်ယူပို့ဆောင်စရိတ်များ ဖယ်ထုတ်လိုက်လျှင် အသားတင်အမြတ်ငွေကျပ် ၁၅၀ ခန့်ရရှိသည်ကို သိရှိခဲ့ရသည်။ ရောင်းချရန် အကွက်အကွင်း ချိတ်ဆက်ပေးနိုင်သဖြင့် ဈေးပိုရလာခြင်းဖြစ်သည်။

ပန်းဂေါ်ဖီ တစ်ဧကလျှင် စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ မြေဩဇာ၊ ဆေးဖိုး၊ လုပ်အားခနှင့် ထွန်ယက်ခများအပါအဝင် ငွေကျပ် ၁၅ သိန်းခန့်ရှိပြီး တစ်ဧကလျှင် အပွင့်ရေ ၁၅၀၀၀ ခန့်ရရှိ၍ ရွာတွင် ကျပ် ၆၀၀ နှုန်းဖြင့် ရောင်းချပါက ငွေကျပ်သိန်း ၉၀ ခန့်ရရှိသည်။ စိုက်ပျိုးကုန်ကျစရိတ်များ ဖယ်ထုတ်လိုက်လျှင်ပင် ငွေကျပ် ၇၅ သိန်းခန့် အသားတင်အမြတ်ငွေရရှိသည်ကို တွေ့ရသည်။ အာဟာရသုခဈေးတွင် ရောင်းချရသည့်အခါ တစ်ပွင့်လျှင် ကျပ် ၈၅၀ နှုန်းဖြင့် ရောင်းချရသည့်အတွက် အပွင့်ရေ ၁၅၀၀၀ အတွက် ငွေကျပ် ၁၂၇ ဒသမ ၅ သိန်းခန့်ရရှိပြီး အသားတင်အမြတ် ငွေကျပ်သိန်း ၁၀၀ ကျော် ရရှိစေပါသည်။ ဈေးကွက်တည်နေရာ ပြောင်းလဲပေးလိုက်နိုင်ရုံဖြင့် ရရှိသည့်အကျိုးအမြတ်ပမာဏ များစွာကွာခြားသွားသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

စာရေးသူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာသို့ ကွင်းဆင်းခရီးစဉ် သွားရောက်ခဲ့စဉ်ကလည်း ကျေးရွာတွင် ငွေရလွယ်သော နှစ်ရှည်ဟင်းသီးဟင်းရွက်နှင့် ရာသီပေါ်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးအောင်မြင်နေသည်ကို တွေ့ရှိရပြီး ကျေးရွာနေမိသားစုများ ဝင်ငွေတိုးပွားလျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

ကျေးရွာတွင် စိုက်ပျိုးဧကအားဖြင့် နှစ်စဉ်ဟင်းသီးဟင်းရွက်ဧက ၁၀၀၀၊ ရာသီပေါ်သီးနှံဧက ၁၀၀၀ စိုက်ပျိုးကြပြီး အိမ်တစ်အိမ်လျှင် အနည်းဆုံးဧကဝက်၊ တစ်ဧကနှင့် အများဆုံး နှစ်ဧက ပိုင်ဆိုင်ကြသည်ကို တွေ့ရသည်။ ကျေးရွာသူ ကျေးရွာသားများက ၎င်းတို့၏ စိုက်ပျိုးမြေများတွင် ကင်ပွန်းချဉ်၊

စာမျက်နှာ ၁၇ သို့ ☆

❝ တိရစ္ဆာန်အစာများသည် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဆန်စပါး၊ ပဲ၊ ပြောင်း၊ ပဲပိစပ် စသည်တို့၏ ဘေးထွက်ပစ္စည်းများမှ ထုတ်လုပ်ခြင်းဖြစ်သည်။ သို့သော် မျိုးမြှင့်တိရစ္ဆာန်များအတွက် အစာများကို ပြည်ပမှတင်သွင်းရခြင်းဖြစ်၍ နိုင်ငံခြားငွေသုံးစွဲရလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များ၏ ဘေးထွက်ပစ္စည်းများနှင့် ထုတ်လုပ်ရသည့် တိရစ္ဆာန်မွေးမြူရေးအစာများကို မိမိနိုင်ငံအတွင်း၌ ထုတ်လုပ်လာနိုင်အောင် ဆောင်ရွက်မည်ဆိုပါက အသားငါးမွေးမြူထုတ်လုပ်မှုတွင် အစာအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံခြားငွေလိုအပ်မှုလည်း သက်သာ၊ အကျိုးအမြတ်လည်းများစေမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပြည်တွင်း၌ ဖူလုံရုံသာမက ပြည်ပထိပါ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေရရှိစေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုစေမည် ❞

☆ စာမျက်နှာ ၁၆ မှ
ဆူးပုပ်တို့ကို စိုက်ပျိုးကြသည်ကိုတွေ့ရပြီး ကင်ပွန်းချဉ်နှင့် ဆူးပုပ်တစ်ဧက စိုက်ပျိုးလျှင် တစ်လအတွင်း ခုနစ်ကြိမ် ခူးဆွတ်ရောင်းချနိုင်ခြင်းကြောင့် အကျိုးအမြတ်အနေဖြင့် တစ်နှစ်လျှင် ကျပ်သိန်း ၅၀ ခန့် ရရှိကြသည်ဟု ဆိုသည်။ ဆွတ်ခူးမည့် လုပ်သားလိုအပ်ချက်ရှိသည်ဖြစ်ရာ လုပ်သားများအတွက်လည်း လုပ်ခ/ လစာ ဖန်တီးပေးနိုင်သည်ကို တွေ့ရှိရပါသည်။

မိုးရာသီတွင်လည်း ရာသီပေါ်သီးနှံများကို Green House စနစ်ဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို စစ်တမ်းကောက်ယူကြည့်ရာတွင် ကျေးရွာအတွင်း အိမ်ခြေ ၁၂၅၈ ရှိသည့်အနက် ၅၂၇ အိမ်သည် ဟင်းသီးဟင်းရွက်များကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ရန်အတွက် Light Truck ကား ၅၈ စီး၊ ဆိုင်ကယ် ၈၅၅ စီး၊ သုံးဘီးဆိုင်ကယ် ၁၂ စီး၊ ထော်လာဂျီ နှစ်စီး၊ ထွန်စက် တစ်စီးတို့ကို ပိုင်ဆိုင်ထားကြောင်း တွေ့ရှိရပြီး စီးပွားရေးကောင်းသည့်အတွက် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း လိုအပ်သည့်နေရာမှ ပူးပေါင်းထည့်ဝင်ပေးနိုင်ကြသည်ကို တွေ့ရှိရသည်။

**လေ့လာသုံးသပ်ချက်နှင့် တွေ့ရှိချက်များ**

ဝဲကြီးကျေးရွာနှင့် ထိန်စွန်းကျေးရွာတို့ စီးပွားရေးအခြေအနေ ကောင်းမွန်ရခြင်း၏ အကြောင်းတရားအား သုံးသပ်ကြည့်ရာတွင် ဝဲကြီးကျေးရွာသည် စိုက်ပျိုးမြေအနေအထား ကောင်းမွန်ခြင်း၊ တစ်နှစ်ပတ်လုံးရေရရှိခြင်း၊ ကျေးရွာထုတ်ကုန်သီးနှံဖြစ်သည့် ပန်းဂေါ်ဖီကို ဌာနဆိုင်ရာများအကူအညီဖြင့် ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးသို့ တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် အမြတ်ငွေ ပိုမိုရရှိခဲ့ခြင်းကို လေ့လာတွေ့ရှိရသည်။

ထို့အတူ ထိန်စွန်းကျေးရွာသည်လည်း စိုက်ပျိုးမြေအနေအထား ကောင်းမွန်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိခြင်း၊ မိုးရာသီတွင် Green House စနစ်ဖြင့် စိုက်ပျိုးနိုင်ခြင်းနှင့် ကျေးရွာ၏ အဓိကစိုက်ပျိုးထွက်ကုန် ကင်ပွန်းချဉ်နှင့် ဆူးပုပ်တို့အတွက် မော်ဘီမြို့ပေါ်ရှိ ဈေးများနှင့် ရန်ကုန်မြို့ရှိ ဘုရင့်နောင်ဈေးကြီးတို့တွင် ဈေးကွက်ရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ဈေးကွက်တင်ပို့ရောင်းချရန် အခက်အခဲမရှိခြင်း စသည်တို့ကြောင့် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၎င်းကျေးရွာများကဲ့သို့ စိုက်ပျိုးရေးကို အခြေခံပြီး မိသားစုဝင်ငွေတိုးပွားအောင် ဆောင်ရွက်နိုင်မှုကို အခြားနီးစပ်ရာကျေးရွာများသို့ နည်းပေးလမ်းပြပြုလုပ်နိုင်မည်ဆိုလျှင်၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ မျှဝေပေးနိုင်ပြီး ဈေးကွက်ဖော်ဆောင်/ ချိတ်ဆက်ပေးနိုင်မည်ဆိုပါလျှင် မိသားစုဝင်ငွေတိုးပွားလာသည်နှင့်အမျှ ပိုမိုကောင်းမွန်သည့် ကျေးရွာနေမိသားစုဘဝများ ရရှိပိုင်ဆိုင်စေမည်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူများ ဝင်ငွေတိုးပွားစေရေးဟူသည် တစ်နည်းဆိုရသော် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကောင်းရရှိရေး၊ ဈေးကွက်သေချာစေရေး၊ အကျိုးအမြတ်ရရှိစေရေးပင်ဖြစ်ပါသည်။ အဓိကမှူ စီးပွားရေးအရ တွက်ခြေကိုက်ရေးပင်ဖြစ်သည်။

မည်သည့်သီးနှံအမျိုးအစား စိုက်ပျိုးခြင်းက မိမိရေမြေ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည်၊ စိုက်ပျိုးစရိတ်/ ထုတ်လုပ်မှုကုန်ကျစရိတ် မည်ရွေ့မည်မျှရှိသည်၊ ရောင်းချပါက မည်ရွေ့မည်မျှ အကျိုးအမြတ် ပြန်လည်ရရှိမည်တို့ကို သိရှိရမည့်အပြင် ဈေးကွက်အခြေအနေ၊ ဈေးကွက်လိုအပ်ချက်၊ စားသုံးသူတို့၏လိုအင်၊ ဝယ်လိုအား ရောင်းလိုအား အခြေအနေများကိုလည်း သိရှိထားရန် လိုအပ်ပေသည်။ မည်သည့်သီးနှံပဲစိုက်စိုက် အမြတ်ရရန် အဓိကဖြစ်ပြီး အမြတ်အများဆုံးရအောင် လေ့လာစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြေခံအားဖြင့် တောင်သူသည် မိမိရေမြေတွင် မည်သည့်သီးနှံဖြစ်ထွန်းသည်ကို သိရှိပြီးဖြစ်သည်။ တောင်သူအတွက် အဓိကလိုအပ်ချက်မှာ မျိုးကောင်းမျိုးသန့်၊ သွင်းအားစု၊ နည်းပညာနှင့် ဈေးကွက်သေချာမှုရှိရန်တို့ဖြစ်သည်။

မွေးမြူရေးတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ နေ့စဉ် ပြည်တွင်းစားသုံးမှု အများဆုံးဖြစ်သော ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှိသော အသား၊ ငါးများကို မွေးမြူကြရပြီး မွေးမြူရေးကုန်ကျစရိတ်နှင့် ပြန်လည်ရောင်းချရမှုမှာ တွက်ခြေကိုက်ရန် လိုအပ်ပေသည်။ ထိုသို့ တွက်ခြေကိုက်စေရန်မှာ ဈေးကွက်ခိုင်မာအားကောင်းမှုရှိရန်နှင့် ဈေးကွက်ချိတ်ဆက်နိုင်မှုသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ အရင်းအမြတ်တွက်ခြေကိုက်ရန်နှင့် အမြတ်များများရရှိစေရန် ချင့်တွက်ရသည့်အခါ လုပ်ငန်းကွင်းဆက်တစ်ခုလုံးကို သေချာစွာ စေ့စေ့စပ်စပ် ခြုံငုံသုံးသပ်ကြည့်ရန် လိုအပ်ပါသည်။

စိုက်ပျိုးမွေးမြူသည့်အဆင့်မှ စားသုံးသူများထံရောက်ရှိသည်အထိ လုပ်ငန်းစဉ်များစွာရှိပြီး ရင်းနှီးမြှုပ်နှံမှုပုံစံများလည်း မတူကွဲပြားသည်ဖြစ်ရာ ဆုံးရှုံးနိုင်ခြေ (Risk) များမှာလည်း မတူညီကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ပထမဦးစွာ လုပ်ငန်းစဉ်အဆင့်များအား အကြမ်းဖျင်းလေ့လာကြည့်ရာတွင်

**❝ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခေတ်မီစံပြကျေးရွာများ ထူထောင်ခြင်း၊ မိသားစုဝင်ငွေတိုးပွားစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ကူညီပံ့ပိုးခြင်း စသည်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးမြေမရှိသူ လက်လုပ်လက်စားများ အဆင်ပြေစေရန် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (Rural BusinessFund) စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့မှ ချေးငွေထုတ်ပေးပြီး ကူညီပံ့ပိုးပေးလျက်ရှိ ❞**

လုပ်ငန်းအဆင့်အလိုက် ပါဝင်လုပ်ကိုင်သူများမှာ-

(က) စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူများ၊ လုပ်ငန်းရှင်များ၊
( ခ ) သိုလှောင်သူ၊ အဝယ်ဒိုင်များ၊
( ဂ ) စည်ပင်သာယာဈေးများ၊ ရပ်ကွက်တွင်းဈေးများ၊
(ဃ) စားသုံးသူများ စသည်ဖြင့် တွေ့ရှိရသည်။

တစ်ဖန် ကုန်ကျစရိတ်ပိုင်းကို ကြည့်ပြန်လျှင်လည်း စိုက်ပျိုးမွေးမြူထုတ်လုပ်သူများတွင် မျိုး၊ အစာနှင့် စောင့်ရှောက်မှု စသည်တို့အတွက် အရင်းအနှီး ကုန်ကျစရိတ်များရှိပြီး ရာသီဥတုဒဏ်နှင့် ပိုးမွှားကူးစက်မှုဒဏ်၊ ကူးစက်ပြန့်ပွားရောဂါ အန္တရာယ်ဒဏ် စသည့်မမျှော်မှန်းနိုင်သော ဆုံးရှုံးနိုင်ခြေ (Risk)များကလည်း ရှိနေပြန်ပါသည်။ သို့ဖြစ်ရာ အရင်းကျေ/ မကျေ၊ အမြတ် ကျန်/ မကျန် ဆိုသည်က ပုံသေကားကျ မပြောနိုင်သည့်အရာဖြစ်ချေသည်။

အဝယ်ဒိုင်များ၊ သိုလှောင်ဖြန့်ဖြူးသူများအနေဖြင့်မူ ဝယ်ရင်းဈေးအပေါ် သယ်ယူစရိတ် ထပ်ပေါင်းထားရှိသည့် ရင်းနှီးငွေအပေါ်တွင် အမြတ်တင်၍ ပြန်လည်ရောင်းချခြင်းဖြစ်ရာ ဆုံးရှုံးနိုင်ခြေမရှိဘဲ အမြတ်ရရန် သေချာမှုရှိသည်ကို တွေ့ရှိရသည်။ စည်ပင်သာယာရေးကော်မတီများကလည်း စည်ပင်သာယာရေးဈေးများတွင် ရောင်းချရန် လိုင်စင်စီခေါ် လုပ်ငန်းရှင်များကို လေလံခေါ်ပြီး သားသတ်လိုင်စင်၊ ဆိုင်ခန်းနေရာ စသည်များကို လေလံယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရငွေများကို နိုင်ငံတော်သို့ပေးသွင်းကာ မြို့ပြဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးပြုခြင်းဖြစ်၍ Risk မရှိပေ။ စားသုံးသူများကမူ စည်ပင်သာယာဈေးများ၊ ရပ်ကွက်တွင်းမှ အိမ်ဆိုင်များ၊ Shopping Center များမှ ဝယ်ယူစားသုံးရခြင်းဖြစ်၍ အဆင့်ဆင့်ကုန်ကျစရိတ်များ ထပ်ပေါင်းထားရှိသော၊ စားသုံးသူများ ဝယ်ယူစားသုံးရသော ဈေးနှုန်းသည် နောက်ဆုံးရောင်းဈေးဖြစ်တော့သည်။ နောက်ဆုံးဈေးကြီးမိသည်က စားသုံးသူများပင် ဖြစ်သည်။

ထုတ်လုပ်သူများထံမှ ပွဲစားလုပ်ငန်းရှင်ကြီးများ၊ လိုင်စင်ရသူများက တစ်ဆင့်ခံဝယ်ယူ၍ သယ်ယူပို့ဆောင်စရိတ်၊ လိုင်စင်ဈေးအရ ပေးဆောင်ရမည့် အခွန်အခနှင့် အမြတ်ထည့်တွက်ပြီး အမြတ်ကျန်အောင် ထပ်ဆင့်တင်ရောင်းကြခြင်းဖြစ်သည်။ လိုင်စင်စီကိုယ်တိုင် ရောင်းလေ့ရှိသကဲ့သို့ ဆိုင်ခန်း/ ဆိုင်ခုံနေရာရသူ ရောင်းခွင့်ရှိသူကတစ်ဆင့် ရောင်းသည်လည်းရှိသည်။ အဆင့်ဆင့် အမြတ်တင်၍ ရောင်းချခြင်းဖြစ်ရာ အမှန်ထုတ်လုပ်မှုကုန်ကျစရိတ်၏ နှစ်ဆကျော်ဖြင့် စားသုံးသူများက ဝယ်ယူစားသုံးရလျက်ရှိသည်ကို တွေ့ရှိရသည်။ တစ်ဖက်တွင်လည်း ကာလ၊ ဒေသကိုလိုက်၍လည်းကောင်း၊ ဝယ်လိုအား၊ ရောင်းလိုအား အခြေအနေအရ ဈေးနှုန်းထပ်တိုးကြီးမြင့်တတ်သည်က ရှိပြန်သည်။

**ဝယ်လိုအားနှင့် ရောင်းလိုအား**
**(Supply & Demand)**

စားသုံးသူ၏ဝယ်လိုအားနှင့် ထုတ်လုပ်နိုင်မှု မျှခြေမှာရှိလျှင် ပိုကောင်းပြီး ထုတ်လုပ်မှုကို ပိုထုတ်လုပ်နိုင်လျှင် "အမြတ်နည်းနည်းဖြင့် များများရောင်း"သည့်စနစ်ကို ကျင့်သုံးနိုင်မည်ဖြစ်ပြီး ရောင်းသူဝယ်သူ နှစ်ဦးလုံးအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။ အခြေခံစားသုံးသူ ပြည်သူများအဆင်ပြေနိုင်မည်ဖြစ်သည်။

သို့တည်းမဟုတ် ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်လျှင်လည်း အမြတ်များများကျန်နိုင်သလို ကြားခံအဆင့်နည်းနည်းဖြင့် စားသုံးသူများထံအရောက် ရောင်းချနိုင်လျှင် ဈေးနှုန်းသက်သာမည်ဖြစ်သည်။ Supply များများထုတ်လုပ်နိုင်လျှင် ဈေးကျရမည်ဖြစ်သော်လည်း ဈေးမကျသည်များ ရှိတတ်ပြန်ပါသည်။ အကြောင်းရင်းမှာ အစာဈေးကြီးခြင်း၊ မျိုးဈေးကြီးခြင်း၊ အများစုကို နိုင်ငံခြားက တင်သွင်းရခြင်း စသည်တို့ကြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် မျိုးကောင်းမျိုးသန့်များ ပြည်တွင်း၌ ထုတ်လုပ်လာနိုင်အောင်၊ မျိုးအပါအဝင် သွင်းအားစုများ၊ မွေးမြူရေးအစာများကို ပြည်ပကမတင်သွင်းရဘဲ ပြည်တွင်း၌ ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်သင့်ပါသည်။

တစ်ဖက်တွင်လည်း စားရေရိက္ခာဖူလုံရေး (Food Security)နှင့် အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေး(Food Safety)အတွက် ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ လိုက်နာကျင့်သုံးမှုရှိစေရန်နှင့် ပြည်သူ့ကျန်းမာရေးအတွက် ထုတ်လုပ်မှုအဆင့်ဆင့်၌ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန် ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။ သို့ဖြစ်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ စည်ပင်သာယာရေးအဖွဲ့ဥပဒေများဖြင့် လိုင်စင်ချထားပေးရာတွင် ရန်ပုံငွေရှာထောင့်တစ်ခုတည်းမှ မဟုတ်ဘဲ ကျန်းမာရေးနှင့်ညီညွတ်သော၊ ဘေးဥပဒ်ကင်းသော ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်များဖြစ်စေရေး၊ အာမခံချက်ရှိစေရေး စသည့်အခြားရှုထောင့်များကိုပါ သုံးသပ်၍ ဥပဒေနှင့်အညီ ထိန်းကျောင်းပေးရန် လိုအပ်ခြင်းကြောင့် လိုင်စင်စီကဲ့သို့ တစ်ဆင့်ခံရောင်းချမှုများ ထားရှိရခြင်းဖြစ်သည်။

**အစာဈေးနှင့် အစာထုတ်လုပ်မှု**

တိရစ္ဆာန်အစာများသည် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဆန်စပါး၊ ပဲ၊ ပြောင်း၊ ပဲပိစပ် စသည်တို့၏ ဘေးထွက်ပစ္စည်းများမှ ထုတ်လုပ်ခြင်းဖြစ်သည်။ သို့သော် မျိုးမြှင့်တိရစ္ဆာန်များအတွက် အစာများကို ပြည်ပမှ တင်သွင်းရခြင်းဖြစ်၍ နိုင်ငံခြားငွေသုံးစွဲရလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များ၏ ဘေးထွက်ပစ္စည်းများနှင့် ထုတ်လုပ်ရသည့် တိရစ္ဆာန်မွေးမြူရေးအစာများကို မိမိနိုင်ငံအတွင်း၌ ထုတ်လုပ်လာနိုင်အောင် ဆောင်ရွက်မည်ဆိုပါက အသားငါးမွေးမြူထုတ်လုပ်မှုတွင် အစာအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံခြားငွေလိုအပ်မှုလည်း သက်သာ၊ အကျိုးအမြတ်လည်းများစေမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ပြည်တွင်း၌ ဖူလုံရုံသာမက ပြည်ပထိပါ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေ ရရှိစေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။ ထို့အတွက် ပြည်ပဈေးကွက်ရရှိရန် အရေးကြီးသည့်အပြင် ပြည်ပဈေးကွက်တွင် ရောင်းတန်းဝင်သည့် အရည်အသွေးမျိုးဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ရန်လည်း လိုအပ်ပါသည်။ လိုအပ်သည့် အရင်းအနှီးသွင်းအားစုများ ပံ့ပိုးပေးရန်လည်း လိုအပ်ပေမည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခေတ်မီစံပြကျေးရွာများ ထူထောင်ခြင်း၊ မိသားစုဝင်ငွေတိုးပွားစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ကူညီပံ့ပိုးခြင်း စသည်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးမြေမရှိသူ လက်လုပ်လက်စားများ အဆင်ပြေစေရန် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (Rural Business Fund) စီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့မှ ချေးငွေထုတ်ပေးပြီး ကူညီပံ့ပိုးပေးလျက်ရှိသည်။

သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးမှုရရှိခြင်းနှင့် မရရှိခြင်းသည် အကျိုးအမြတ်ရရှိမှုနှင့် မည်မျှဆက်နွယ်မှု ရှိသနည်းဆိုလျှင် ဝက်နှင့်ဆိတ် မွေးမြူသူများ အရှုံးပေါ်ပြီး စိုက်ပျိုးလုပ်ကိုင်သူများ အမြတ်များများရခဲ့သည့်ဖြစ်စဉ်များအပေါ် သုံးသပ်သိရှိနိုင်ပါသည်။ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေးနိုင်သည့်အတွက် ဝက်နှင့် ဆိတ်မွေးမြူသူများ အရှုံးပေါ်မည့်အခြေအနေမှ အရင်းကျေသည့် အခြေအနေသို့ ရောက်ရှိခဲ့ရသကဲ့သို့ ဈေးကွက်ချိတ်ဆက်ပေးနိုင်ခဲ့သည့်အတွက် သီးနှံစိုက်ပျိုးသူတောင်သူများ အမြတ်ပိုမိုရရှိခဲ့သည်ကို တွေ့ရသည်။

စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် တောင်သူများ၏ ထုတ်ကုန်များ ဈေးနှိမ်ရောင်းချခံရခြင်းမှ ကင်းဝေးပြီး ဈေးကောင်းရရှိစေရန်၊ ဈေးကွက်သေချာမှုရှိစေရန်၊ အရှုံးမရှိစေရန်၊ အမြတ်များများရရှိစေရန်အတွက် လိုအပ်သည့် အသိပညာများပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အတားအဆီးများကို ပေါင်းစပ်ဖြေရှင်းပေးခြင်း၊ နည်းပညာများ ပံ့ပိုးပေးခြင်း စသည်တို့ကို အစိုးရဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်ကြီးများက ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် တောင်သူများ ဝင်ငွေတိုးပွားစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသို့ လာရောက်လေ့လာဖူးမြော်



ပန်းတောင်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)မှ ကျောင်းသား ကျောင်းသူ ၆၀ ပါဝင်သည့် လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့သည် အုပ်ချုပ်ကြီးကြပ်သူ ဆရာ ဆရာမ ၁၀ ဦးနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပန်းတောင်းမြို့နယ် ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးသို့ လာရောက်လေ့လာဖူးမြော်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးအေးကြိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ ပန်းတောင်းမြို့မစခန်းမှူး ဒုတိယရဲမှူးမျိုးမင်း၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်၊ ရွှေဘုံသာမုနိ ဂေါပကဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ဂေါပကအဖွဲ့ဝင်များက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့အား ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်ရှိ သန္တိသုခဓမ္မာရုံတွင် ရွှေဘုံသာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်ကရွှေဘုံသာမုနိ စေတီတော်မြတ်ကြီး၏ တည်နေရာအနေအထား၊ ဘွဲ့အမည် ဆက်ကပ်ခဲ့ပုံ၊ တည်ထားကိုးကွယ်မှုအဆင့်ဆင့်၊ နောက်ခံသမိုင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်ကင်းထောက်အဖွဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဦးခင်အောင်ရီက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့သည် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်တန်ဆောင်း၌ တည်ထားသော မဟာမြတ်မုနိကိုယ်ပွားဆင်းတုတော်၊ တောင်ဘက်တန်ဆောင်း၌ တည်ထားသော ရှင်ကျော်မုနိကိုယ်ပွားဆင်းတုတော်၊ အနောက်ဘက်တန်ဆောင်း၌ တည်ထားသော ရွှေဘုံသာမုနိကိုယ်ပွားဆင်းတုတော်၊ မြောက်ဘက်တန်ဆောင်း၌တည်ထားသော မာရ်အောင်မုနိကိုယ်ပွားဆင်းတုတော်၊ တနင်္ဂနွေထောင့်ရှိ သိုက်နန်းရှင်မမြစိမ်း၏ နတ်နန်းတို့အား လှည့်လည်လေ့လာ ကြည့်ရှုဖူးမြော်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

# လေ့လာရေးခရီးစဉ်ပြီးမြောက်၍ ပဲခူးတိုင်းဒေသကြီး (အရှေ့) လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့ ပြည်မြို့မှ ပဲခူးမြို့သို့ ပြန်လည်ထွက်ခွာ

ပြည် မေ ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မေ ၂၅ ရက်မှ ၂၇ ရက်ထိ ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင်အတွင်း လေ့လာရေးခရီးစဉ်ရောက်ရှိနေသော ပဲခူးတိုင်းဒေသကြီး (အရှေ့)မှ လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေ့လာရေးခရီးစဉ်ပြီးမြောက်၍ ပြည်မြို့မှ ပဲခူးမြို့သို့ ပြန်လည်ထွက်ခွာကြောင်း သိရသည်။

ရှင်းလင်းပြသ

အဆိုပါ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့သည် မေ ၂၅ ရက် ညနေပိုင်းတွင် ပြည်ခရိုင် ရွှေတောင်မြို့သို့ရောက်ရှိကာ တာဝန်ရှိသူများက ခရီးဦးကြိုဆိုကြပြီး ရွှေတောင်မြို့ သမိုင်းဝင်ရွှေနတ်တောင်စေတီတော်မြတ်ကြီးနှင့် ရွှေမျက်မှန် ရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်ကြည်ညို၍ သမိုင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို လေ့လာခဲ့ကြကာ ဂေါပကအဖွဲ့များက ဘုရားသမိုင်းဖြစ်စဉ်များအား ရှင်းလင်းပြသပေးသည်။



ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂေါပကအဖွဲ့က ဘုရားနောက်ခံသမိုင်းကြောင်း၊ ဗုဒ္ဓမြတ်စွယ်တော်သမိုင်းနှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓပြတိုက်မှ ဆင်းတုတော်များ၊ ရှေးဟောင်းပစ္စည်းများနှင့် Digital Museum တို့အား လိုက်လံရှင်းလင်းပြသပေးသည်။

ထို့နောက် လေ့လာရေးအဖွဲ့ ညအိပ်တည်းခိုရပ်နားမည့် ပြည်တက္ကသိုလ်၌ တာဝန်ရှိသူများအဖွဲ့က ဂုဏ်ပြုပန်းကုံးများဖြင့် ခရီးဦးကြိုဆိုဂုဏ်ပြုကြသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ သမိုင်းဝင် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုလေ့လာခဲ့ကြသည်။ ဆက်လက်ပြီး ပြည်တက္ကသိုလ် ဓာတုဗေဒဌာန၊ ရူပဗေဒဌာန၊ သမိုင်းဌာနနှင့် တက္ကသိုလ်စာကြည့်တိုက်တို့အား သွားရောက်လေ့လာခဲ့ကြကာ ပြည်တက္ကသိုလ် သင်္ချာဌာန၌ တက္ကသိုလ်တာဝန်ရှိသူများက လေ့လာရေးအဖွဲ့အား အုပ်စုနှစ်ခုခွဲ၍ သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပပေးကာ ဆုရအဖွဲ့အား ပြည်တက္ကသိုလ်မှ အမှတ်တရဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပေးသည်။

ယင်းနောက်မွန်းလွဲပိုင်းတွင် သရေခေတ္တရာ ပျူမြို့ဟောင်းရှိ နဂါးတွန့်တံခါး၊ သီရိခေတ္တရာ ယဉ်ကျေးမှုပြတိုက်၊ ကုန်းအမှတ်(၅၃)၊ ဘောဘောကြီးဘုရား၊ ရဟန္တာကန်၊ အတွင်းနန်းတော်ရာနှင့် ဘုရားကြီးဘုရားတို့အား သွားရောက်လေ့လာဖူးမြော်ကြည်ညိုကြပြီး ညပိုင်းတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့အား သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ တေးဂီတနှင့် အကအလှဖျော်ဖြေရေးအစီအစဉ်များဖြင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပပေးသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့သည် ခရီးစဉ်အတွင်း ညအိပ်တည်းခိုရာ ပြည်မြို့ ရွှေတစ်ချောင်းလမ်းရှိ ပြည်တက္ကသိုလ်မှ ပဲခူးမြို့သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများကလေ့လာရေးအဖွဲ့အားနွေးထွေးပျူငှာစွာ နှုတ်ဆက်ကြပြီး ယင်းလေ့လာရေးအဖွဲ့သည် အပြန်ခရီးတွင် ရွှေတောင်မြို့နယ်ရှိ သမိုင်းဝင် စက်စက်ယိုစေတီတော်မြတ်ကြီးအား ဝင်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ပဲခူးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၅-၂၀၂၄ ကျပ်/လီတာ

